တဲတော်အကြောင်းကို မည်သို့သင်ကြားပေးမည်နည်း။



| | | |
|---|---|---|
| ၁။ | တဲတော် ........................................ | ၃ |
| ၂။ | မီးရှို့ရာယဇ်ပလ္လင် ........................................ | ၇ |
| ၃။ | ကြေးဝါအင်တုံ ........................................ | ၁၂ |
| ၄။ | နံ့သာပေါင်းမွှေးမီးရှို့ရာယဇ်ပလ္လင် .................... | ၁၉ |
| ၅။ | ကုလားကာ ........................................ | ၂၄ |
| ၆။ | အပိုင်း(၁) ပဋိညာဉ်သေတ္တာနှင့် ဂရုဏာပလ္လင် ... | ၃၁ |
| | အပိုင်း(၂) ယဇ်ပုရောဟိတ်မင်း ........................ | ၃၈ |
| ၇။ | မီးခုံတိုင် ........................................ | ၄၄ |
| ၈။ | စားပွဲ ........................................ | ၅၁ |
| ၉။ | နိဂုံးချုပ် သင်ခန်းစာ .................................... | ၅၆ |

## တဲတော်အကြောင်း သင်ကြားပေးပါ


တဲတော်အကြောင်း သင်ကြားပေးပါဟုတ်လား။ ကလေးတွေကို သင်ပေးရမယ်။ ဒီအလုပ်က သိပ်မဖြစ်နိုင်သလိုဘဲ။ လက်တွေ့လည်းမကျဘူး။ ထိုသို့ဆိုသူရှိလျှင် နားလည်ပေးစရာပါ။ တဲတော်အကြောင်းဖော်ပြသည့် သမ္မကျမ်းစာအခန်းကြီးများကို ပထမအကြိမ်ဖတ်သည့်အခါ ရှေးဟောင်းအဆောက်အဦးတစ်ခု၏ နားလည်ရခက်သည့် အသေးစိတ်အချက်အလက်စာရင်းဇယားရှည်ကြီးတစ်ခုမှလွဲ၍ အခြားမည်သည့်အချက်မျှမပါဝင်သလိုဖြစ်နိုင်ပါသည်။ ကလေးများအတွက်ဆိုလျှင် အလွန်ငြီးငွေ့ဘွယ်အကြောင်းအရာပင်ဖြစ်ပေမည်။ လူကြီးတစ်ယောက်အတွက်ပင်လျှင် ထိုအဆောက်အဦးသည် မည်သည့်အရာနှင့်တူနေကြောင်း ပုံဖော်မြင်ယောင်ကြည့်ရန် ခက်နေပေလိမ့်မည်။

ကလေးသူငယ်များ ခံယူနေကျ ပုံမှန်သင်ခန်းစာများနှင့် ကွဲပြားခြားနားကြောင်း ငြင်း၍မရနိုင်ပါ။ သို့သော် တဲတော်သင်ခန်းစာကို ပုံမှန်အသုံးပြုပြီး ဝေမျှမည်ဆိုပါက သင်ခန်းစာသည် ကြာညောင်းလှပြီဖြစ်သော ရှေးဟောင်းသမိုင်းအကြောင်းအရာများမဟုတ်ဘဲ ခရစ်ယာန်အခြေခံယုံကြည်ချက်အဖြစ် ဘုရားသခင်ပေးသော အကောင်းဆုံးသရုပ်ဖော်ပြချက်သာ ဖြစ်ပါသည်။ ကြီးနေပြီဖြစ်သော ကလေးများကို ပိုမိုကျယ်ပြန့်စွာသင်ကြားပေးလိုလျှင်လည်း သင်ကြားပေးနိုင်ပါသည်။ ဥပမာ တဲတော၏နောက်ခံသမိုင်းအချက်အလက်များနှင့် (သို့) ယင်း၏အနုပညာဆိုင်ရာသမိုင်းတို့ကို ဖြည့်စွပ်လျက်သင်ကြားပေးနိုင်ပါသည်။ ပိုမိုအရေးကြီးသောအချက် မှာ ဤသင်ခန်းစာက ကလေးများ (နှင့်ဆရာများ)ကို ဓမ္မဟောင်းနှင့် ဓမ္မသစ်တို့၏ ဆက်စပ်မှုကိုသိမြင်အောင် အထောက်အကူပြုပါသည်။ သို့သော် ရှုပ်ထွေးမှု (သို့) ငြီးငွေ့စရာ မရှိပါ။

တဲတော်ဝင်းမြင်ကွင်း



အပြင်မှတဲတော်ထဲဝင်သည့်အခါ မီးရှို့ရာယဇ်ပလ္လင်ကို ဦးစွာတွေ့ရမည်။



ယဇ်ပုရောဟိတ်များသည် ကြေးဝါအင်တုံတွေ ခြေလက်များဆေးကြော ကြသည်။



ထို့ပြင် ထူးခြားသောအခွင့်အရေးအဖြစ် ဖော်ပြပေးထားသောအထောက် အကူပြုရုပ်ပုံများလည်း ကြည့်ရှုလေ့လာပါ။ ယခုခေတ်တွင် ဖလန်နယ်ပိတ်စ ရုပ်ပုံ ကားချပ်များ၊ ရုပ်ပုံကြီးများ၊ ပုံစံငယ်များ၊ ကလေးများကိုယ်တိုင်တည်ဆောက် ရသော ပုံစံငယ်အပိုင်းအစများနှင့် ကလေးများ ဆေးရောင်ချယ်နိုင်သော ပုံများ ရရှိနိုင်ပါသည်။

ထို့ပြင် ဤစာအုပ်သည် ဆရာအတွက်ဖြစ်သည်။ ဤစာအုပ်၏ သရုပ် ဖော်ပြချက်များက ဆရာအား တဲတော်နှင့် တဲတော်တန်ဆာများသည် မည်သည့် အရာများနှင့်တူကြောင်း ချက်ချင်းပင် ပုံဖော်မြင်ယောင်နိုင်ပါလိမ့်မည်။ သင်ခန်းစာ များသည်လည်း ဆရာအတွက်ပင်ဖြစ်ပါသည်။ သင်ခန်းစာများကို သတ်မှတ်ထား သော အသက်အရွယ်ရှိ ကလေးငယ်အုပ်စုတစ်စုအတွက်သာ ရည်ရွယ်ရေးသားထား ခြင်းမဟုတ်သကဲ့သို့ သင်ကြားရာတွင် လိုအပ်မည့်အရာများကိုလည်း သင်ခန်းစာ တစ်ခုအတွက်သာ အကျဉ်းချုပ်ရေးသားဖော်ပြထားခြင်းမျိုး မဟုတ်ချေ။ သင်ခန်းစာ များသည် ဆရာများက မိမိတို့အကြုံရသည့်အတိုင်းနှင့် အတန်းသားတို့၏လိုအပ် ချက်နှင့်အညီ လိုက်လျောညီထွေမှုရှိအောင် ချိန်ညှိ၍ သင်ကြားပေးနိုင်သော ကုန်ကြမ်းပစ္စည်းသဖွယ်သာ ဖြစ်ပါသည်။

## သင်ခန်းစာ (၁)

*အဓိကကျမ်းပိုဒ်။* ။ ထွက်မြောက်ရာကျမ်း ၁၅း၈

"ငါသည် သင်တို့တွင် ကျိန်းဝပ်ရာဘို့ သန့်ရှင်းရာဌာနကို လုပ်ကြစေ"

# *"တဲတော်"*

**နိဒါန်းပျိုးခြင်း။** ကလေးများထဲတွင် တောထဲသို့ လေ့လာရေးခရီးထွက်ဖူးသူ (သို့) တဲထဲတွင်အိပ်ဖူးသူ ရှိ/ မရှိ မေးကြည့်ပါ။ ဤသင်ခန်းစာသည် ဘုရားသခင်က ခရီးထွက်စခန်းချသောအခါ အသုံးပြုသောတဲတော်အကြောင်းနှင့် ဘုရားသခင် ခရီးထွက်စခန်းချရသည့်အကြောင်းရင်းတို့ ဖြစ်ပါသည်။

တဲတော်အကြောင်းဖော်ပြချက် – ထွက်မြောက်ရာကျမ်း ၁၆း၁–၃၇

### **အဓိကရည်ရွယ်ချက် (အတိတ်မှ)**

၁။ ဣသရေလ လူမျိုးများ အဲဂုတ္တုပြည်မှ လွတ်မြောက်လာသောအခါ သဲကန္တာရကို ဖြတ်သန်းပြီး ပါလက်စတိုင်းဒေသသို့ ခရီးရှည်ကြီးတစ်ခုနှင်ရပြီး ထိုခရီးအတွင်း တဲများတွင် နေထိုင်ကြရမည်ဖြစ်သည်။ ဘုရားသခင်က သူတို့ကို ချစ်သောကြောင့် သူတို့နှင့် အလွန်နီးကပ်စွာ နေချင်ပါသည်။ သို့မှသာ သူတို့သည် ဘုရားခင် သူတို့နှင့်အတူ အမှန်တကယ်ရှိကြောင်း သိကြပေမည်။ ထို့ကြောင့် ဘုရားသခင်က သူတို့တဲများအားလုံး၏အလယ်ဗဟိုတွင် သူ့အတွက် တဲတစ်ဆောင်ဆောက်လုပ်ရန် သူတို့ကိုတောင်းဆိုခဲ့သည်။ ထို့နောက် ဘုရားသခင်သည် ကြွလာတော်မူပြီး ထိုတဲတော်တွင်ကျိန်းဝပ်ကာ သဲကန္တာရတစ်လျှောက်လုံး သူတို့နှင့် အတူခရီးသွားလျက် သူတို့ကိုကာကွယ်စောင့်ရှောက်ကာ လမ်းညွှန်ပြသပြီး ကောင်းကြီးမင်္ဂလာများလည်း ပေးခဲ့လေသည်။

ယဇ်ပုရောဟိတ်သာလျှင် တဲတော်ထဲသို့စည်းစနစ်တကျဝင်ရောက်နိုင်ပါသည်။ ပထမတွေ့ရသောအရာမှာ ရှေ့တော်မုန့်စားပွဲဖြစ်သည်။



သန့်ရှင်းရာဌာနအတွင်းလက်ဝဲဘက်တွင် ဆီမီးခုံရှိသည်။




# တဲတော်နှင့် ၎င်း၏အသုံးအဆောင်များ

အသန့်ရှင်းဆုံးဌာနတော်ထဲတွင် ပဋိညာဉ်သေတ္တာရှိသည်။ ယဇ်ပုရောဟိတ်မင်းတစ်ပါးတည်းသာ ထိုနေရာသို့ တစ်နှစ်တစ်ကြိမ်သာဝင်ရောက်နိုင်သည်။



ကန့်လန့်ကာအေးတွင် နံ့သာပေါင်းမွှေးမီးရှို့ရာရွှေယဇ်ပလ္လင်ရှိသည်။



## ရည်ရွယ်ချက်ကို လက်တွေ့ကျင့်သုံးခြင်း။

ဘုရားသခင်သည် သူတို့ကိုချစ်သည့်နည်းတူ ကျွန်ုပ်တို့ကိုလည်း ချစ်သည်။ ကျွန်ုပ်တို့၏ ဘဝအသက်တာခရီးလမ်းတစ်လျှောက်လုံးတွင် သူ့ကိုလမ်းညွှန်စေလျက် ကျွန်ုပ်တို့နှင့်အတူ အမြဲလျှောက်လှမ်းစေရန် ဘုရားသခင်အလိုရှိပါသည်။

၂။ နောက်ပိုင်း၌ ရာဇဝင်သမိုင်းတွင် ဘုရားသခင်သည် အခြားသောအိမ်တော်အမျိုးမျိုးဖြင့် လူတို့အကြား နေထိုင်ကျိန်းဝပ်ခဲ့ပါသည်။ ထိုအိမ်တော်များမှာ ရှောလမုန်၏ဗိမာန်တော် (၃ရာ၆း–၇း)၊ ဇေရုနှင့်နေဟမိတို့ ဆောက်လုပ်ခဲ့ကြသော ဗိမာန်တော်၊ ဟေရုဒ်မင်းကြီးတည်ဆောက်ခဲ့သော ဗိမာန်တော်တို့ဖြစ်ကြသည်။ သခင်ယေရှု လောက၌ရှိခဲ့စဉ်က ဟေရုဒ်မင်းကြီးတည်ဆောက်သည့် ဗိမာန်တော်သို့ သွားရောက်ကာ ဟောပြောသွန်သင်ခဲ့လေသည်။ သခင်ယေရှုက ဗိမာန်တော်ကို နှစ်သက်မြတ်နိုးပြီး "ငါ့အဘ၏အိမ်တော်"ဟု ခေါ်ဝေါ်သုံးနှုန်းခဲ့သည် (ယော ၂း၁၆)။ ဗိမာန်တော်ကိုညစ်ညူးစေရန် မည်သူ့ကိုမျှ သခင်ယေရှုခွင့်မပြုခဲ့ချေ။

## ရည်ရွယ်ချက်ကို လက်တွေ့ကျင့်သုံးခြင်း။

သခင်ယေရှုသည် ကောင်းကင်ဘုံကိုလည်း *ငါ့အဘ၏အိမ်တော်*ဟု ခေါ်ဝေါ်ခဲ့သည် (ယော ၁၄း၂)။ ထို့ကြောင့် လှပသော အသွေးအရောင် စုံလင်လှစွာ ရွှေငွေတို့နှင့်ချယ်လှယ်ထားသော တဲတော်က ကောင်းကင်ဘုံသည် မည်မျှလှပကြောင်း စဉ်းစားမြင်ယောင်မိစေရန် အထောက်အကူပြုပါသည်။ ဘုရားသခင်က တစ်နေ့သောအခါတွင် အကျွန်ုပ်တို့အား ကောင်းကင်ဘုံရှိ သူ၏အိမ်တော်သို့ ခေါ်ဆောင်သွားရန် ဆန္ဒရှိပါသည်။ သို့သော် သူက "*ညစ်ညူးသောအရာ၊ စက်ဆုပ်ဘွယ်သောအရာ၊ သစ္စာပျက်သောအရာ တစ်စုံတစ်ခုမျှ မဝင်ရဘဲ သိုးသငယ်၏အသက်စာစောင်၌ စာရင်းဝင်သောသူတို့သာလျှင် ဝင်ရ၏*"(ဗျာ ၁၂း၂၇)ဟု သတိပေးထားပါသည်။

**အဓိကရည်ရွယ်ချက်** (ပစ္စုပ္ပန်နှင့်အနာဂါတ်အတွက်)

၁။ မျက်မှောက်ခေတ်အတွက် ဓမ္မသစ်ကျမ်းက အလေးထားဖော်ပြသည့် *ကွာခြားချက်မှာ "အမြင့်ဆုံးသော ဘုရားသည် လူတို့လက်ဖြင့်လုပ်သောဗိမာန်၌ ကျိန်းဝပ်တော်မူသည်မဟုတ်"* (တ ၇း၅၀)။

(က) ယခုအခါ ဘုရားသခင်သည် *သူ့အားယုံကြည်ကိုးစားသောသူတို့၏ စိတ်နှလုံးထဲတွင်* ကျိန်းဝပ်တော်မူသည်။

သခင်ယေရှုက *"ငါ့ကိုချစ်သောသူသည် ငါ့စကားကိုနားထောင်လိမ့်မည်။ ငါ့ခမည်းတော်သည် ထိုသူကို ချစ်တော်မူသည်။ ငါတို့သည်လည်း သူ့ဆီသို့ကြွ၍ နေရာချမည်"*ဟု မိန့်တော်မူခဲ့သည် (ယော ၁၄း၂၃)။

တမန်တော်ပေါလုက ကောရိန္တုရှိ ခရစ်ယာန်များအား *"အဘယ်သို့နည်း။ သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင်ပေးသနားတော်မူသော ဝိညာဉ်တော်တည်းဟူသော သင်တို့အထဲ၌ ကျိန်းဝပ်၍ သန့်ရှင်းသောဝိညာဉ်တော်၏ဗိမာန်ဖြစ်ကြောင်းကိုငင်း၊ မိမိတို့ကိုယ် မိမိတို့မပိုင်ကြောင်းကိုငင်း မသိကြသလော"* ဟုဟောပြောခဲ့သည် (၁ကော၆း၁၉)။

## <u>ရည်ရွယ်ချက်ကို လက်တွေ့ကျင့်သုံးခြင်း။</u>

သခင်ယေရှုက ကျွန်ုပ်တို့၏စိတ်နှလုံးများထဲတွင် ကျိန်းဝပ်လိုပါသည်။ သို့သော် သူက အတင်းအဓမ္မဝင်ရောက်လာမည်မဟုတ်ပါ။ ကျွန်ုပ်တို့က သူ့အား ဝင်ရောက်လာစေလိုလျှင် တံခါးဖွင့်ပေးကာ သူ့အား ဝင်ခွင့်ပေးရမည်ဖြစ်သည်။ သူက *"ငါသည် တံခါးရှေ့မှာရပ်၍ ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံကိုကြား၍ တံခါးကိုဖွင့်အံ့။ ထိုသူရှိရာသို့ ငါဝင်၍ သူနှင့်အတူ စားသောက်မည်။ သူသည်လည်း ငါနှင့်အတူစားသောက်ရလိမ့်မည်"* ဟုမိန့်တော်မူပါသည် (ဗျာ ၃း၂၀)။

*အသက်ရှင်ခြင်းသို့ ရောက်သောလမ်းနှင့် တံခါးသည် အလွန်ကျဉ်းမြောင်းသည်ဖြစ်၍ တွေ့ဝင်သောသူတို့သည် နည်းကြ၏"* (မ ၇း၁၃၊၁၄)။

*"ကျဉ်းမြောင်းသော တံခါးဝကို ဝင်းခြင်းငှာ ကြိုးစားအားထုတ်ကြလော့။ အကြောင်းမူကား အများသောသူတို့သည် ဝင်ခြင်းငှာအလိုရှိသော်လည်း မစွမ်းနိုင်ကြဟု ငါဆို၏။ အိမ်ရှင်သည် တခါထ၍ တံခါးကိုပိတ်ပြီးမှ သင်တို့သည် ပြင်၌ရပ်၍ တံခါးကိုခေါက်လျက် သခင် သခင် ကျွန်ုပ်တို့အား ဖွင့်ပါဟု တောင်းလျှောက်သော်လည်း သခင်က သင်တို့သည် အဘယ်က လာသည် ငါမသိဟု ပြန်ပြောလိမ့်မည်။ ထိုအခါ အသင်တို့ကလည်း အကျွန်ုပ်တို့သည် အထံတော်၌ စားသောက်ပါပြီ။ အကျွန်ုပ်တို့နေသော မြို့ရွာ၌ ကိုယ်တော်သည် ဆုံးမဩဝါဒ ပေးတော်မူပြီဟု လျှောက်ပြန်သော်လည်း သခင်က သင်တို့သည် အဘယ်ကလာသည်ကို ငါမသိဟု ငါဆိုပြီ။ မတရားသောအမှုကို ပြုသောသူအပေါင်းတို့ ငါ့ထံမှ ဖယ်သွားကြဟု ပြောလိမ့်မည်* (လု ၁၃း၂၄–၂၇)။

(၄) ဝင်ရန်ဆိုသည်မှာ မည်သည့်အဓိပ္ပာယ်နည်း။

*"ငါတို့မူကား ၊ ယုံကြည်သောသူဖြစ်၍ ဘုရားသခင်၏ချမ်းသာထဲသို့ ဝင်ရကြောင်း"* (ဟေဗြဲ ၄း၃)။

ဤအရာကို ခရစ်တော်နှင့် သူ၏တမန်တော်များမှ ဦးဆောင်ပြီး ကယ်တင်ခြင်း တံခါးဝထဲသို့ ဝင်သွားကြသော လူများ၏ စစ်မှန်သောပုံဥပမာ များနှင့် သရုပ်ဖော်ပြပါ။ နိကောဒင်၏ အဖြစ်အပျက် (ယော ၃း၁–၁၆) ရောမ ထောင်မှူး၏ အဖြစ်အပျက် (တ ၁၆း၂၇–၃၄) လူများစွာတို့၏ အမှန်တကယ် ဝင်သွားခြင်းဖြစ်စဉ်ကို ကျွန်ုပ်တို့ တွေ့မြင်နိုင်ပါသည်။

ဤအချက်ကို ကယ်တင်ခြင်းသို့ရောက်စေသောလမ်းအတွက် **သရုပ်ဖော် ချက်တစ်ခုအဖြစ်** အသုံးပြုပါ။

(၁) ခရစ်တော်သည် ဝင်ပေါက်ဖြစ်သည်။

*"ငါသည် တံခါးဝဖြစ်၏။ ငါဖြင့်ဝင်သောသူသည် ဘေးနှင့် ကင်းလွတ်လျက် ထွက်ဝင်၍ ကျက်စားရာကို တွေ့ရလိမ့်မည်"* (ယော ၁၀း၉)။

*"ငါတို့ သခင်ယေရှု ခရစ်အားဖြင့် ဘုရားသခင်ရှေ့တော်၌ ငြိမ်သက်ခြင်းကို ခံစားကြ၏။ ထိုကျေးဇူးတော်ကို ခံစားရသည့် အကြောင်းမှာ ယုံကြည်ခြင်း ရှိ၍ ထိုသခင်အားဖြင့်သာ ခံစားသော အခွင့်ကိုရကြ"* (ရော ၅း၁၊၂)။

*"ထိုသို့ ခရစ်တော်အားဖြင့် ငါတို့နှစ်ဦးသည် (ဂျူးနှင့်တပါးအမျိုးသား) စိတ်ဝိညာဉ်တစ်လုံးတဝတည်းဖြစ်၍ ခမည်းတော်ထံသို့ တိုးဝင်ရမည့်အခွင့် ကို ရကြပြီ"* (ဧ ၂း၁၈)။

(၂) ခရစ်တော်သာလျှင် တစ်ခုတည်းသောဝင်ပေါက်ဖြစ်သည်။

*"ယေရှုက ငါသည်လမ်းခရီးဖြစ်၏။ သမ္မာတရားလည်း ဖြစ်၏။ အသက် လည်း ဖြစ်၏။ ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ"* (ယော ၁၄း၆)။

*"ထိုသခင်၏ နာမတော်မှတပါး ငါတို့ကို ကယ်တင်နိုင်သော နာမတစ်စုံတစ်ခု မျှ ကောင်းကင်အောက် လူတို့တွင် မပေါ်မရှိဟု ပေတရုသည် ထိုသူတို့အား မြွက်ဆို၏"* (တမန် ၄း၁၂)။

(၃) အဝင်မမှားဖို့ သတိပြုပါ။

*"ကျဉ်းသောတံခါးကို ဝင်ကြလော့။ ပျက်စီးခြင်းသို့ ရောက်သောလမ်း နှင့် တံခါးသည် ကျယ်ဝန်းသည်ဖြစ်၍ ဝင်သောသူတို့သည် များကြလေ၏။*

(ခ) ယခုအခါ ဘုရားသခင်သည် ခရစ်ယာန်များ သခင်ယေရှု၏နာမ၌ *အတူတကွ တွေ့ဆုံကြသည့်နေရာတိုင်းတွင်* ကျိန်းဝပ်တော်မူသည်။

သခင်ယေရှုက "*အကြောင်းမူကား၊ အကြင်အရပ်၌ လူနှစ်ဦး၊ သုံးဦးတို့ သည် ငါ၏နာမကို ထောက်၍ စည်းဝေးကြ၏။ ထိုအရပ်၌ သူတို့အလယ်မှာ ငါရှိသည်ဟု မိန့်တော်မူ၏*"ဟု မိန့်တော်မူသည် (မဿဲ ၁၈း၂၀)။

## ရည်ရွယ်ချက်ကို လက်တွေ့ကျင့်သုံးခြင်း။

ကျွန်ုပ်တို့သည် ဆုတောင်းရန်နှင့် ချီးမွမ်းရန်အတွက် အခြားခရစ်ယာန်များနှင့် တွေ့ဆုံရမည့် အခွင့်အရေးကို အမြဲတမ်း အရယူသင့်သည်။ ကျွန်ုပ်တို့သည် "*လူအချို့တို့၏ထုံးစံ ရှိသည့်အတိုင်း အချင်းချင်းစည်းဝေးခြင်းအမှုကို မရှောင်မလွှဲ*" သင့်ပါ (ဟေဗြဲ ၁၀း၂၄)။

၂။ သခင်ယေရှုသည် သူ၏တပည့်တော်များကို ချန်ထားခဲ့ပြီး ကောင်းကင်ဘုံသို့ ပြန်လည်တက်ကြွသောအခါတွင် "*ငါ့အဘ၏အိမ်တော်၌ နေစရာအခန်းအများရှိ၏။ သို့မဟုတ်လျှင် မဟုတ်ကြောင်းကို သင်တို့အား ငါမပြောဘဲမနေ။ သင်တို့နေစရာအရပ်ကို ပြင်ဆင်ခြင်းငှာ ငါသွားရ၏။ ငါသည် သွား၍ သင်တို့နေစရာအရပ်ကို ပြင်ဆင်ပြီးမှ တဖန်လာပြန်၍ ငါရှိရာအရပ်၌ သင်တို့ရှိစေခြင်းငှာ သင်တို့ကို ငါ့ထံသို့ သိမ်းဆည်းမည်*"ဟုမိန့်တော်မူခဲ့သည် (ယော ၁၄း၂၊၃)။

## ရည်ရွယ်ချက်ကို လက်တွေ့ကျင့်သုံးခြင်း။

ဘုရားသခင်သည် ကျွန်ုပ်တို့ကို သူနှင့်ထာဝရ အမြဲရှိနေစေချင်သည်။ ယခုပင် ကျွန်ုပ်တို့၏ စိတ်နှလုံးထဲတွင် သခင်ယေရှုအား နေရာပေးမည်ဆိုလျှင် သူပြန်လည်ကြွလာတော်မူသောအခါ ကျွန်ုပ်တို့အား ကောင်းကင်ဘုံရှိ သူ့အဘ၏ အိမ်တော်သို့ ခေါ်ဆောင်သွားမည် ဖြစ်သည်။

## သင်ခန်းစာ (၂)

**အဓိကကျမ်းပိုဒ်။** ။ ယော ၁း၂၉

"ဤလောက၏အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်ကို ကြည့်လော့"

# မီးရှို့ရာယဇ်ပလ္လင်

**နိဒါန်းပျိုးခြင်း။** ကလေးများအား ပတ်လည်တွင် တဲများဝန်းရံထားသော တဲတော်ပုံကြီးကိုပြပါ။ ကလေးများအား ဤတဲများ အသီးသီးတွင် နေထိုင်ကြသူများအဖြစ် သရုပ်ဆောင်စေပါ။ လှပစွာ ရောင်စုံချယ်သထားသော တဲတော်တံခါးဝကို ထောက်ပြလျက် အားလုံးတို့သည် ဘုရားသခင်၏အိမ်တော်သို့သွားသောလမ်းကို တွေ့လိုပြီး ဘုရားသခင် ထံတော်ပါးသို့ တိုးဝင်ချဉ်းကပ်ချင်ကြကြောင်း သိရှိစေပါ။ ထို့ကြောင့် ခရီးစဉ်ကို စတင်လိုက်ပါ။ ဂိတ်တံခါးကို ဖြတ်ကျော်လိုက်ပါ။ ထိုအခါ ပထမဦးဆုံး တွေ့မြင်ရမည့်အရာသည် မီးရှို့ရာယဇ်ပလ္လင် ဖြစ်သည်။ ယင်းသည် ဘာအတွက်နည်း?

မီးရှို့ရာယဇ်ပလ္လင်အကြောင်းဖော်ပြချက် ။ ။ ထွက် ၂၇း၁–၈။

တည်နေရာ ။ ။ ထွက် ၄၀း၂၉။

**အဓိကရည်ရွယ်ချက်များ။** (အတိတ်ကာလမှ)

၁။ *လူအများသည် အပြစ်ကျူးလွန်ကြကြောင်းနှင့် ဘုရားသခင်၏ အိမ်တော်သို့ မဝင်မီ အပြစ်ခွင့်လွှတ်ခြင်းခံကြရန် လိုအပ်ကြောင်း သတိပေးပါသည်။*

# နိဂုံးချုပ်သင်ခန်းစာ

သင်ခန်းစာများသည် အဓိကအားဖြင့် ဓမ္မဟောင်းကျမ်းမှ အချက်အလက်များနှင့် ထိုအချက်အလက်များက သရုပ်ဖော်ထားသော ဓမ္မသစ်မှဩဝါဒများကို နားလည်စေရန် အတိုင်းအတာတစ်ခုအထိ ခရီးတွင်ခဲ့ပြီဖြစ်သည်။

သို့သော် အချက်အလက်များနှင့် ဩဝါဒများကို ဆက်စပ်နားလည်စေခြင်း၏ ရည်မှန်းချက်မှာ ကလေးများ ခရစ်တော်၌ တစ်ဦးချင်းစီ ယုံကြည်ခြင်းရှိလာစေရန် အတွက် တွဲခေါ်သွားဖို့ဖြစ်သည်။ နိဂုံးချုပ်သင်ခန်းစာကို ဤအမြင်ဖြင့် အသုံးပြုပါ။

လူတစ်ဦးအား ခရစ်တော်နှင့်ပေါင်းစည်းသွားစေပြီး ကယ်တင်ခြင်းနှင့် ဆိုင်သော ကောင်းကြီးမင်္ဂလာအားလုံးကို ရရှိခံစားစေနိုင်ရန် ယုံကြည်ခြင်းခြေလှမ်း ကို တစ်ဦးချင်းစီအနေနှင့် လှမ်းလျှောက်ရန်လိုအပ်ကြောင်းကို သရုပ်ဖော်ရှင်းပြရန် အတွက တဲတော်တံခါးဝအကြောင်းအရာကို အသုံးပြုပါ။

တဲတော်ဝင်းအကာနှင့် တံခါးဝအကြောင်း ဖော်ပြချက်ကို ထွက် ၂၇း၉– ၁၉ တွင် တွေ့ရပါသည်။

## ထောက်ပြရန်

(၁) ဝင်းအကာသည် အဖြူရောင်ဖြစ်ကြောင်း၊ တံခါးဝမှာမူ လှပစွာ ရောင်စုံ ချယ်သထားခြင်းကြောင့် စွဲဆောင်မှုရှိပြီး မည်သည့်နေရာတွင် ရှိသည်ကို လူတိုင်းတွေ့မြင်နိုင်ကြောင်း ထောက်ပြပါ။

(၂) တံခါးတစ်ပေါက်တည်းသာရှိကြောင်း ထောက်ပြပါ။

(၃) မည်သူမဆို ဘုရားသခင်၏ အိမ်တော်ထဲမှ လှပသော တန်ဆာပလာများကို မြင်တွေ့ကာ ပျော်ရွှင်လိုပါက တစ်ခုတည်းသော ဤတံခါးပေါက်မှသာ ဝင်ရမည်ဖြစ်ကြောင်း ထောက်ပြပါ။

အတွက် အကျိုးရှိပေမည်။ ခရစ်တော်နှင့် ပတ်သက်၍လည်း ထို့အတူပင် ဖြစ်သည်။ ကျွန်ုပ်တို့ ထာဝရအသက်ရချင်သည်ဆိုလျှင် ခရစ်တော်အကြောင်း သိရုံမျှလောက်ဖြင့် မလုံလောက်ပါ။ ခရစ်တော်အား ကျွန်ုပ်တို့စားရ၊ သောက်ရ ပေမည်။ ကျွန်ုပ်တို့ တစ်ဦးချင်းအနေနှင့် ကျွန်ုပ်တို့ကိုယ်ပိုင် ကင်တင်ရှင် အဖြစ် လက်ခံရပေမည်။ ကျွန်ုပ်တို့ သူ့အားယုံကြည်ရပေမည်။ *"ငါ အမှန် အကန်ဆိုသည်ကား ငါ့ကို ယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏"*

(ဃ) အပိုဒ်ငယ် – ၆၃ ၊ ၆၈ ၊ ၆၉ – ခရစ်တော်က ကျွန်ုပ်တို့ကိုပေးသောမုန့် သည် ခန္ဓာကိုယ်အတွက် မုန့်(အစာ)မဟုတ်ဘဲ ဝိညာဉ်ရေးဆိုင်ရာမုန့် (အစာ) ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကိုကြား၍ ယုံကြည်လိုက် သောအခါတွင် ဤမုန့်ကို ရရှိကြပါသည်။

*ခြားနားချက်(၂) ။ ။ တကယ့်ရုပ်ဝတ္ထုစားပွဲ မဟုတ်ပါ။ ဝိညာဉ်ရေးရာ စားပွဲသာ ဖြစ်ပါသည်။* ဣသရေလယဇ်ပုရောဟိတ်များသည် ရှေ့တော်မုန့်ကို စားချင်စိတ် ရှိလာလျှင် တဲတော်ထဲသို့ဝင်၍ ရှေ့တော်မုန့်တင်ထားရာ ရွှေနှင့်သစ်သားတို့နှင့် ပြုလုပ်ထားသော စားပွဲဆီသို့သွားကြရသည်။ သို့သော် ကျွန်ုပ်တို့အနေနှင့်မူ ခရစ်တော်ပေးတော်မူသော ဝိညာဉ်ရေးရာမုန့်ကို မည်သို့ရနိုင်မည်နည်း။ ခရစ်တော် ကိုယ်တော်တိုင်က မိန့်တော်မူသည်မှာ *"ငါသည် တံခါးရှေ့မှာရပ်လျက် ခေါက်၍ နေ၏။ အကြင်သူသည် ငါ၏အသံကိုကြား၍ တံခါးကိုဖွင့်အံ့။ ထိုသူရှိရာ ငါဝင်၍ သူနှင့်အတူ စားသောက်မည်။ သူသည်လည်း ငါနှင့်အတူ စားသောက်ရလိမ့်မည်"* (ဗျာ ၃း၂၀)။ တံခါးသည် တကယ့်တံခါးမဟုတ်ကြောင်း လုံးဝသိသာ ထင်ရှားပါသည်။ ကျွန်ုပ်တို့၏ နှလုံးတံခါးသာ ဖြစ်ပါသည်။ ထို့ကြောင့် ခရစ်တော်က ကျွန်ုပ်တို့ နှလုံးသားတံခါးခေါက်သံကိုကြားရန်ဆိုသည့်အချက်နှင့် တံခါးကိုဖွင့်၍ ခရစ်တော် အား ဝင်ခွင့်ပေးရန်ဆိုသည့်စကားများ၏ အဓိပ္ပာယ်ကိုရှင်းပြပါ။

**ရည်ရွယ်ချက်  သရုပ်ဖော်ခြင်း။**

(က) လူတို့သည် မိမိတို့၏ အိမ်ရှေ့တံခါးဝများတွင် ခြေသုတ်ဖုံများ ထားလေ့ရှိကြသည်။ ထိုအရာက ကျွန်ုပ်တို့ဖိနပ်များတွင် ရွှံ့များပေမပေပြန်ကြည့်ပြီး ပေကျံနေပါက အိမ်ထဲသို့မဝင်မီ ရွှံ့များကို သုတ်ပစ်ရမည်ဖြစ်ကြောင်း သတိပေးနေပါသည်။ ထို့ကြောင့် ဘုရားသခင်က မီးရှို့ရာယဇ်ပလ္လင်ကို တဲတော်တံခါးဝတွင် ထားရခြင်းမှာ လူများသည် ညစ်ညူးပြီး အပြစ်ကြောင့် မသန့်ရှင်းကြောင်းနှင့် ဘုရားသခင်၏ အိမ်တော်ထဲသို့မဝင်မီ သန့်ရှင်းစင်ကြယ်ရမည် ဖြစ်ကြောင်း သတိပေးခြင်း ဖြစ်သည်။

(ခ) အကယ်၍ ကျွန်ုပ်တို့အမှားတစ်ခုခု ပြုလုပ်ခဲ့မိလျှင်၊ ကျွန်ုပ်တို့၏ မိဘများ (သို့) ဆရာ၏ စကားကို မနာခံဘဲ နေခဲ့မိလျှင် ထိုအပြစ် ခွင့်လွှတ်ခြင်းမခံရမီအချိန်ထိ သူတို့နှင့်တွေ့ဆုံရန် ကျွန်ုပ်တို့ ကြောက်ရွံ့နေတတ်ကြပါသည်။ ဘုရားသခင်နှင့် ဆက်ဆံရာတွင်လည်း ထိုနည်းတူပင် ဖြစ်ပါသည်။

(ဂ) အကယ်၍ ကျွန်ုပ်တို့သည် အကြွေးတင်နေခဲ့လျှင်၊ အကြွေးမဆပ်နိုင်ခဲ့လျှင် ထောင်ကျနိုင်သည့် အန္တရာယ်ရှိနေပါသည်။ ကျမ်းစာက အပြစ်သည် အကြွေးဖြစ်သည်ဟု ဆိုပါသည်။ (လုကာ ၇း၄၁–၄၇၊ မဿဲ ၁၈း၂၁–၃၅ တို့ကို ကြည့်ပါ) ကျွန်ုပ်တို့ အပြစ်ကြွေးများကို မဆပ်မီတိုင်အောင် ဘုရားသခင်နှင့် မသင့်မြတ်နိုင် (သို့) ကောင်းကင်ဘုံသို့ မဝင်နိုင်ချေ။

၂။ *ငင်းက ဘုရားသခင်သည် လူတို့၏အပြစ်ကို မုန်းတီးသော်လည်း လူများကိုမူ ချစ်တော်မူကြောင်းပြသပါသည်။*

*အပြစ်တရား၏ အခကား သေခြင်းပေတည်း* (ရောမ ၆း၂၃)။ လူအပေါင်းတို့သည် ထိုအခကို ခံသင့်သူများဖြစ်ကြသည်။ သို့သော် ဘုရားသခင် သူတို့

အစား အသေခံပေးမည့် သိုးသငယ်ကို ယူဆောင်လာရန် ခွင့်ပြုခဲ့ပါသည်။ ဤသို့အားဖြင့် သူတို့သည် ခွင့်လွှတ်ခြင်း ခံကြရသည်။

လူတစ်ယောက်က အပြစ်ဖြေရာယဇ်အဖြစ် သိုးသငယ်တစ်ကောင် ယူဆောင်လာသောအခါ မည်သို့ဖြစ်ပျက်သည်ကို **ကလေးများသိအောင် ဖော်ပြပေးပါ။** ဝတ်ပြုရာ ၄း၃၂–၃၅ တွင် အသေးစိတ် ဖော်ပြထားပါသည်။

**အဓိကအချက်**

၁။ သိုးသငယ်သည် အပြစ်အနာအဆာ ကင်းရမည်။ အပြစ်ကင်းသောသူက အပြစ်ရှိသောသူအတွက် အသေခံရမည်။

၂။ ယဇ်ပူဇော်သူက သူ၏လက်ကို သိုးသငယ်၏ခေါင်းပေါ်တင်ပြီးမှ သတ်ရသည်။ ယဇ်ပူဇော်သူသည် သူ၏ ကိုယ်တိုင်ကျူးလွန်သည့်အပြစ်များအတွက် သိုးသငယ်သေရခြင်းဖြစ်ကြောင်း ဝန်ခံခြင်းဖြစ်သည်။

**အဓိကရည်ရွယ်ချက်** (ပစ္စုပ္ပန်ကာလအတွက်)

*ခြားနားချက်(၁)*။ ။ ဓမ္မဟောင်းကာလ တိရစ္ဆာန်ယဇ်ပူဇော်ခြင်းနှင့် ခရစ်တော်၏ ယဇ်ပူဇော်ခြင်း။

*နွား၊ ဆိတ်တို့၏ အသွေးဖြင့် အပြစ်များကို ဖယ်ရှားပစ်ရန် မဖြစ်နိုင်ချေ။* ထို့ကြောင့် ခရစ်တော်သည် ဤလောကသို့ ကြွလာသောအခါ "*အိုဘုရားသခင် ကိုယ်တော်သည် ယဇ်နှင့်ပူဇော်သက္ကာကို အလိုတော်မရှိသည်ဖြစ်၍ အကျွန်ုပ်အဖို့ ကိုယ်ခန္ဓာကို ပြင်ဆင်တော်မူပြီ။ . . . ယေရှုသခင်၏ ကိုယ်တော်ကို တစ်ခါတည်း ပူဇော်သောအားဖြင့် ငါတို့သည် စင်ကြယ်ခြင်းသို့ ရောက်၏*" မိန့်တော်မူခဲ့သည် (ဟေဗြဲ ၁၀း၄–၁၀)။

ပျော်ရွှင်ပီတိဖြစ်မှုများနှင့် ကျေနပ်အားရမှုရှိသမျှတို့သည် ကျွန်ုပ်တို့ကို ခရစ်တော်ထံသို့ ပို့ဆောင်ရန်အတွက်ဖြစ်သည်။ ခရစ်တော်ထံမှ မုန့်နှင့်ငါးကို ခံယူစားသောက်ကြသော်လည်း ခရစ်တော်နှင့် သူ၏ ဝိညာဉ်အစာကို ငြင်းပယ်ကြသော လူအုပ်ကြီးအကြောင်း ပြောပြပါ (ယော ၆း၁–၁၁၊၂၆၊၂၇၊၆၆)။ ဤအရာသည် မည်သည့်အဓိပ္ပာယ်ရှိကြောင်း ကလေးများအား သရုပ်ဖော်ပြပါ။

၁။ ယင်းဖြစ်ရပ်သည် သင်၏မွေးနေ့ပွဲသို့ ကိတ်မုန့်လာစားရန် ရောက်လာကြပြီး သင်နှင့်မိတ်ဆွေဖွဲ့ဖို့ရန် အချိန်မပေးချင်ကြသော ကလေးများနှင့် တူပါသည်။

၂။ ယင်းဖြစ်ရပ်သည် လူငယ်တစ်ဦးထံမှ ရွှေနှင့်စိန်ကို ရရှိရန်အတွက် စေ့စပ်လက်စွပ်ကို လက်ခံခဲ့ပြီး ထိုသူအား လက်ထပ်ရန်အတွက် မရည်ရွယ်သော မိန်းမပျိုတစ်ဦးနှင့် တူပါသည်။ ကျွန်ုပ်တို့ အသက်တာအတွက် ဘုရားသခင်ပေးထားသည့် နှစ်သက်ဘွယ်ကောင်းသော အရာအားလုံးကိုယူပြီး ခရစ်တော်အတွက်မူ အချိန်မပေးနိုင်ပါက လွန်စွာမိုက်မဲသောအမှု ဖြစ်ပေသည်။

(ခ) အပိုဒ်ငယ် ၃၈–၄၀ ၊ ၅၀ ၊ ၅၁ – ကာယအစာမုန့်က ခန္ဓာကိုယ်အသက်ကို ဆက်လက်ရှင်သန်စေပါသည်။ ထိုနည်းတူ မှန်သောဝိညာဉ်အစာဖြစ်သည့် ခရစ်တော်က သူ့အား ယုံကြည်ကိုးစားသူမှန်သမျှအတွက် ထာဝရအသက်ရကြောင်း အာမခံပေးပါသည်။ ခရစ်တော်က ထိုသူတစ်စုံတစ်ယောက်ကိုမျှ လက်လွှတ်အဆုံးရှုံးမခံပါ။

(ဂ) အပိုဒ်ငယ် ၅၃–၅၈ ကျွန်ုပ်တို့၏ အစာအိမ်များက ဆာလောင်မွတ်သိပ်သော အခါ ပေါင်မုန့်အကြောင်း သိရုံမျှဖြင့် (သို့) ပေါင်မုန့်တစ်လုံးကို ကြည့်နေရုံမျှဖြင့် ဘာမျှအသုံးမဝင်ပေ။ ပေါင်မုန့်ကို စားရမည်။ သို့မှသာ ကျွန်ုပ်တို့

ခန္ဓာကိုယ် အစာမွတ်သိပ်ခြင်းမှ ဝိညာဉ်ရေးရာ မွတ်သိပ်ခြင်း အတွေးအခေါ် ဖက်သို့ ပြောင်းကြပါစို့။ ကျွန်ုပ်တို့၏ အစာအိမ်များကသာ ဆာငတ်မွတ်သိပ်သည် မဟုတ်၊ ကျွန်ုပ်တို့စိတ်နှလုံးများလည်း မွတ်သိပ်ကြပေသည်။ ကျွန်ုပ်တို့သည် ချစ်ခြင်းမေတ္တာ၊ မိတ်ဆွေဖွဲ့ခြင်း၊ အပေါင်းအဖော်၊ စိတ်ပိုင်းဆိုင်ရာနှင့် ဝိညာဉ်ရေးရာ ကျေနပ်အားရခြင်းတို့ကို အလွန်အမင်း လိုလားတောင့်တလျက် ရှိကြပြီး ယင်းအရာတို့တွင် ငြင်းပယ်ခြင်းခံရသောအခါ ကျွန်ုပ်တို့ နှလုံးသားများ နာကျင်ကြေကွဲကြရပါသည်။ သခင်ယေရှု၏ အောက်ပါ မိန့်တော်မူချက်ကို ကိုးကားပါ။ "*ဖြောင့်မတ်ခြင်း ပါရမီကို ဆာငတ်မွတ်သော သူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ထိုသူတို့သည် ဝပြောခြင်းသို့ ရောက်ကြလတ့်*" (မ ၅း၆)။

သို့သော်လည်း ခန္ဓာကိုယ်အစာသည် ဝိညာဉ်ပိုင်းဆိုင်ရာ မွတ်သိပ်မှုကို ဝလင်ကျေနပ်မှု မပေးနိုင်ချေ။ ထို့ကြောင့် အဓိကရည်ရွယ်ချက်များနှင့် မိတ်ဆက်ပေးရပေမည်။

**အဓိကရည်ရွယ်ချက်များ။** (ပစ္စုပ္ပန်ကာလအတွက်)

*ခြားနားချက်(၁)*။ ။ *ခန္ဓာကိုယ်အစားအစာမဟုတ်ဘဲ ဝိညာဉ်ရေးရာ အစားအစာဖြစ်သည်*။ ဤအကြောင်းအရာကို အထူးရှင်းပြပေးသော ကျမ်းပိုဒ်သည် ယော ၆း၂၅–၇၁ ဖြစ်ပါသည်။ တခန်းလုံး ဖတ်ကြည့်ခြင်းက ဆရာအတွက် အထောက်အကူပြုကြောင်း တွေ့ရပါလိမ့်မည်။ အဓိကရည်ရွယ်ချက်အချို့မှာ –

(က) *အပိုဒ်ငယ် ၃၂* – ခရစ်တော်က သူ့ကိုယ်သူ *မှန်သော*မုန့်ဖြစ်ကြောင်းဖော်ပြပါသည်။ အစစ်အမှန်မဟုတ်သောအရာသည် အမှားနှင့်ကွဲပြားခြားနားသည့်နည်းတူ သင်္ကေတအမှတ်လက္ခဏာနှင့်လည်းကွဲပြားခြားနားကာ တကယ်ရှိလျက် သူ့ဟာသူပြည့်စုံမှုလည်းရှိပါသည်။ ("*ငါသည် မှန်သောစပျစ်နွယ်ပင် ဖြစ်၏*" ယော ၁၅း၁)နှင့် နှိုင်းယှဉ်ကြည့်ပါ။ အခြားသော

ဓမ္မဟောင်းယဇ်ပူဇော်ခြင်းများနှင့် ခရစ်တော်၏ယဇ်ပူဇော်ခြင်းအကြား ဆက်နွယ်မှုကို သရုပ်ဖော်သောအခါ ကစားစရာ ငွေစက္ကူနှင့် ငွေစက္ကူအစစ်အကြား ကွာခြားမှုအကြောင်း ပြောပြပါ။ ကလေးအပါအဝင် လူတိုင်းက ကစားစရာ ငွေစက္ကူသည် အစစ်မဟုတ်သောကြောင့် ယင်းတို့ဖြင့်အကြွေးများဆပ်၍မရမှန်း သိကြသည်။ သို့သော် ဤကစားစရာငွေက ကလေးတစ်ယောက်အား ကုန်ကျစရိတ်၊ တန်ဖိုးနှင့် ပေးချေရမည့် ငွေအကြောင်းတို့ကို သင်ပေးရာတွင် အထောက်အကူ ဖြစ်စေသည် သာမက သူ့အား ငွေကြေးအစစ်၏ သုံးစွဲလည်ပတ်ပုံကို သိရန်ပြင်ဆင်ပေးပါသည်။ ထို့ကြောင့် ဓမ္မဟောင်း သိုးသငယ်က လူများကို ဘုရားသခင်၏ သိုးသငယ် လာရောက်ပြီး အသေခံရမည့်အကြောင်းကို နားလည်စေရန် ပြင်ဆင်ပေးပါသည်။

**ခြားနားချက်(၂) ။** ။ အဆက်မပြတ် ထပ်ခါတလဲလဲ ပူဇော်ရသော ဓမ္မဟောင်းကာလ ယဇ်ပူဇော်ခြင်းများနှင့် တကြိမ်တည်းပူဇော်ပြီး နောက်တကြိမ်ထပ်၍ ပူဇော်ရန်လိုမတော့သည့် ခရစ်တော်၏ ယဇ်ပူဇော်ခြင်းတို့အကြား ခြားနားချက်။

*"ယဇ်ပုရောဟိတ်မည်သည်ကား နေ့တိုင်းဝတ်ပြုလျှက် အပြစ်ကိုမဖြေနိုင်သော ယဇ်ကို အထပ်ထပ် အဖန်ဖန် ပူဇော်လျက် ရပ်နေရ၏။ ထိုသခင်မူကား အပြစ်ကို ဖြေခြင်းငှာ ယဇ်တစ်ခုတည်းကို ပူဇော်ပြီးမှစ၍ ဘုရားသခင် လက်ျာတော်ဘက်မှာ အစဉ်အမြဲထိုင်၍"* . . . (ဟေဗြဲ ၁၀း၁၁၊၁၂)

ခရစ်တော်၏ ယဇ်ပူဇော်ခြင်းသည် နောက်တစ်ကြိမ်ထပ်၍ ပူဇော်ရန်မလိုတော့ဟု ဓမ္မသစ်ကျမ်းတွင် ဖော်ပြထားခြင်း၏ အဓိကအကြောင်းရင်းများကို **ထောက်ပြပေးပါ**။

၁။ ပူဇော်သောယဇ်ကိုယ်တိုင်က စုံလင်သည်။ (ဟေဗြဲ ၉း၁၃၊၁၄ ။ ၁၀း၄–၁၀)

၂။ ၎င်းက ၎င်းသန့်ရှင်းစေသောသူတိုင်းကို စုံလင်စေသည်။ (ဟေဗြဲ ၁၀း၁၄)

၃။ အပြည့်အဝခွင့်လွှတ်ခြင်းခံရပြီးသောသူသည် ထပ်မံ၍ ယဇ်ပူဇော်စရာ မလိုအပ်တော့ချေ။ (ဟေဗြဲ ၁၀း၁၈)

၄။ တရားစီရင်ခြင်း တကြိမ်တည်းရှိသကဲ့သို့ ခရစ်တော်သည်လည်း တကြိမ်တည်းသာ ကိုယ်ကိုပူဇော်ရန် လိုအပ်ပေသည်။ (ဟေဗြဲ ၉း၂၇၊၂၈)

## သင်ခန်းစာတစ်ခုလုံးအတွက် လက်တွေ့ကျင့်သုံးခြင်း။

မေးခွန်းမေးသူရှိပေလိမ့်မည်။ အကယ်၍ ခရစ်တော်သည် ဤလောကကြီး၏ အပြစ်များအတွက် အသေခံခဲ့ရသည်ဆိုလျှင် လူတိုင်း အလိုအလျှောက် ခွင့်လွှတ်ခြင်းခံရကြပါသလား? အဖြေက "မခံရပါ" ဟူ၍ ဖြစ်သည်။ နောင်တရပြီး ခရစ်တော်ကို ယုံကြည်ကိုးစားသောသူတို့သာလျှင် ခွင့်လွှတ်ခြင်းခံရကြမည်။ ခရစ်တော်ထံလာပြီး သူ့ကို ယုံကြည်ကိုးစားရန် လိုအပ်ကြောင်းကို တဲတော် (သို့) ဗိမာန်တော်အားဖြင့် သရုပ်ဖော်ကာ ရှင်းပြနိုင်ပေသည်။ ယဇ်ပလ္လင်ကိုလည်း ခိုလှုံရာအရပ်အဖြစ် ရှင်းလင်းဖော်ပြနိုင်ပါသည်။ လူတစ်ယောက်က အခြားသူတစ်ဦးကို မတော်တဆထိခိုက်၍ သတ်မိသောအခါ (သို့) ရှင်ဘုရင်အပေါ် ပြစ်မှားမိပြီးမှ ထိုအမှုအတွက် နောင်တပြန်ရသောအခါ သူသည် ယဇ်ပလ္လင်ရှိရာအရပ်သို့ ပြေးသွားပြီး ယဇ်ပလ္လင်ဦးချိုများကို ဆုပ်ကိုင်ထားနိုင်ပါသည်။ ထိုအရပ်တွင် သူသည် ဘေးလွတ်လုံခြုံမှုရှိသည်။ သို့သော် သူသည် ခိုလှုံရာအရပ်သို့ ထွက်မပြေးခဲ့လျှင်မူ ကွက်မျက်ခြင်းခံရရန် အလားအလာရှိသည်။

(၃ရာ ၁း၅၀-၅၃ တွင် အဒေါနိယံ၏ အပြစ်အပျက်ကိုကြည့်ပါ။)

၃။ ခင်မင်ရင်းနှီးမှုနှင့်မိတ်သဟာယဖွဲ့မှုကိုဖော်ပြရန်အတွက်အခြေခံအဖြစ် အစားအစာဝေမျှခြင်း။ ကလေးများက သူတို့၏မိတ်ဆွေများကို အစားအစာဝေမျှရန်အတွက် မွေးနေ့ပွဲသို့ဖိတ်ခေါ်ခြင်းနှင့် အခြားအလားတူအစီအစဉ်များအကြောင်း ပြောပြပါ။

ဤသို့ဖြင့် တဲတော်ထဲမှ ရှေ့တော်မုန့်တင်သောစားပွဲအကြောင်းသို့ တွဲခေါ်သွားပါ။ ဖော်ပြချက်။ ။ ထွက် ၂၅း၂၃–၃၀၊ ဝတ် ၂၄း၅–၉။

**အဓိကရည်ရွယ်ချက်များ။** *(အတိတ်မှ)*

အပတ်စဉ် မုန့်(၁၂)လုံးကို စားပွဲပေါ်တွင် တင်ထားကာ ဘုရားသခင်၏ရှေ့မှောက်တွင် ထားခြင်းသည် ဘုရားသခင်ပျော်ရွှင်ဝမ်းမြောက်ကာ ပီတိဖြစ်စေရန်အတွက် ဖြစ်သည်။

ရက်သတ္တပတ် တပတ်ကုန်ဆုံးချန်တွင် ယဇ်ပုရောဟိတ်များက မုန့်ဟောင်းများကို ဖယ်ရှားပစ်ကာ မုန့်သစ်များနှင့် အစားထိုးရလေသည်။ ပြီးမှ မုန့်ဟောင်းများကို သန့်ရှင်းရာဌာနတွင် ရိုသေလေးစားစွာ စားကြရသည်။ ယင်းအမှုတွင် ဘုရားသခင်၏ နည်းလမ်းကို ပြောပြသည်မှာ . . .

(၁) ဘုရားသခင်က လူများနှင့် မိတ်ဆွေဖွဲ့လိုသည်။ သူနှင့် သူ၏လူများ တစ်စားပွဲတည်းတွင် တူညီသောမုန့်ကို ဝေမျှသုံးဆောင်ကြသည်။

(၂) ဘုရားသခင်သည် လူတို့အတွက် မုန့်ကိုထောက်ပံ့ပေးသောသူ ဖြစ်သည်။ မုန့်(၁၂)လုံးရှိပြီး လူမျိုးနွယ်စုတစ်စုစီအတွက် ဖြစ်သည်။ ဘုရားသခင်သည် သူ၏ လူအားလုံးကို ချစ်ပြီး အားလုံးနှင့်လည်း မိတ်သဟာယအဖွဲ့လိုပါသည်။ လူအများ အစာငတ်မွတ်ရန် အလိုမရှိချေ။ အားလုံးကို ဝလင်ကျေနပ်စေချင်ပါသည် (ဆာလံ ၁၀၃း၅၊ ဆာလံ ၁၀၄း၂၇)။

## သင်ခန်းစာ(၈)

*အဓိကကျမ်းပိုဒ်။* ။ ယော ၆း၅၁
*“ငါသည် ကောင်းကင်မှ ဆင်းသက်သော အသက်မုန့်ဖြစ်၏။ ဤမုန့်ကိုစားသော သူမည်သည်ကား၊ အစဉ်မပြတ် အသက်ရှင်လိမ့်မည်”။*

# စားပွဲ

**နိဒါန်းပျိုးခြင်း။** အစားအစာဟူသည် လူတိုင်းနှင့်ဆိုင်သောအရာဖြစ်သည် သာမက ကလေးများ ကောင်းစွာသဘောကျနှစ်သက်သောအရာလည်းဖြစ် သောကြောင့် ဤအခန်း၏အဓိကရည်ရွယ်ချက်များကို ဆက်စပ်တွေးခေါ်ရန် လွယ်ကူပါသည်။ အောက်ပါအကြောင်းများကို ပြောပြပါ။

၁။ အသက်ဆက်ရှင်သန်ရေးအတွက် အစားအစာ မရှိမဖြစ်လိုအပ်ပုံ။ အစာခေါင်းပါးခြင်းဘေးသင့်သော နိုင်ငံများအကြောင်း ပြောပြနိုင်ပါသည်။ ကျောင်းများတွင်ပြုလုပ်မည့် အစာခေါင်းမှုအတွက် ကယ်ဆယ်ရေးအစီအစဉ်များရှိလျှင်လည်း ကလေးများအား ပြောပြပြီး အားပေးပါ။

၂။ အစာစားခြင်း၌ နှစ်သက်ပျော်မွေ့ခြင်း။ ဘုရားသခင်က ကျွန်ုပ်တို့ကို အစားအသောက် အရသာမခံစားတတ်သော ဓါတ်ဆီထည့်ကာ မောင်းရသည့် ကားကဲ့သို့သော စက်ကရိယာများသဖွယ် ပြုလုပ်နိုင်ပါသည်။ သို့သော်လည်း ကြင်နာတတ်သော ဘုရားသခင်က ခံတွင်းတွေ့စေတတ်သောသဘောကို ပေးကာ အစားအစာများ စားသောက်စေခြင်းဖြင့် ကျေနပ်ရောင့်ရဲကာ ပီတိဖြစ်စေပါသည်။

## သင်ခန်းစာ(၃)

*အဓိကကျမ်းပိုဒ်*။ ။ တိတု ၃း၅၊၆။

"ငါတို့ကျင့်သော ဖြောင့်မတ်ခြင်း အကျင့်အားဖြင့် မဟုတ်ဘဲ မိမိသနားခြင်း ဂရုဏာတော်နှင့်အညီ ဒုတိယမွေးခြင်းနှင့်ဆိုင်သော ဆေးကြောခြင်းအားဖြင့် ၎င်း၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အသစ်ပြုပြင်ခြင်းအားဖြင့်၎င်း၊ ငါတို့ကို ကယ်တင်တော်မူ၏။ ငါတို့ကို ကင်တင်သော အရှင်ယေရှုခရစ်အားဖြင့် ငါတို့အပေါ်သို့ ထိုဝိညာဉ်တော်ကို ကြွယ်ဝစွာ သွန်းလောင်းတော်မူ၏"

# ကြေးဝါအင်တုံ

**နိဒါန်းပျိုးခြင်း။** စင်ကြယ်ခြင်းနှင့် ဆေးကြောခြင်းသည် အရေးကြီးကြောင်း အလေးအနက်ပြုသည်။ မျက်စိဖြင့် တွေ့မြင်နိုင်သော အညစ်အကြေးများသာမက မျက်စိဖြင့် မမြင်နိုင်သော ပိုးမွှားများကိုပါ ဆေးကြောပစ်ရန် လိုအပ်ပါသည်။ လူများသည် ဦးစွာ လက်များကို မဆေးကြောဘဲ အစားအစာများကို ကိုင်တွယ်ခြင်းကြောင့် ပိုးမွှားများ သယ်ဆောင်လာသော အစာအဆိပ်သင့်ခြင်းနှင့် အူယောင်ငန်းဖျားရောဂါ အန္တရာယ်များကို တွေ့ကြုံရင်ဆိုင်နေရပါသည်။ အညစ်အကြေးက သေခြင်းသို့ ပို့ဆောင်နိုင်ပါသည်။

ကလေးများသည် တဲတော်ပတ်ဝန်းကျင်ရှိ တဲများတွင် နေထိုင်သူများဖြစ်ပြီး ဘုရားသခင်ထံ လာချင်နေကြသူများအဖြစ် ဆက်လက်သရုပ်ဆောင်ခိုင်းထားရမည်ဖြစ်သည်။ သူတို့သည် ဝင်းတံခါးကို ကျော်ဖြတ်၍ ဝင်လာကြပြီး ကြေးဝါယဇ်ပလ္လင်ကိုလည်း လွန်လာကာ ယခုကြေးဝါအင်တုံကို သူတို့ တွေ့နေကြရသည်။

ကြေးဝါအင်တုံအကြောင်းဖော်ပြချက် ။ ။ ထွက် ၃၀း၁၇–၂၂။ ၃၈း၈။

တည်နေရာ ။ ။ ထွက် ၄၀း၃၀–၃၂

**အဓိကရည်ရွယ်ချက်များ။** (အတိတ်ကာလမှ)

၁။ ကြေး၀ါအင်တုံသည် ရေပြည့်လျက်ရှိသည်။ ယဇ်ပုရောဟိတ်အဖြစ် ရောက်လာကြသောသူတို့သည် တကိုယ်လုံးရေချိုးရပေမည်။ ထို့နောက် ဘုရားသခင်အား အစေခံရန် တဲတော်အတွင်းသို့ ၀င်လာသောအခါတိုင်း သူတို့သည် ရှေးဦးစွာ လက်နဲ့ခြေများကို ဆေးကြောရသည်။

## <u>ယေဘူယျဥပဒေသများကို လက်တွေ့ကျင့်သုံးခြင်း။</u>

၁။ ကြေး၀ါအင်တုံက ကျွန်ုပ်တို့အားလုံး မသန့်ရှင်းကြောင်း သတိရစေပါသည်။ ကျွန်ုပ်တို့၏ လက်များသည် မှားယွင်းသောအရာများ လုပ်ဆောင်ခြင်းကြောင့် မသန့်ရှင်းကြချေ။ ကျွန်ုပ်တို့ ဘုရားသခင်အား အစေမခံမှီ ကိုယ့်ကိုကိုယ်ကို စင်ကြယ်စေရပေမည်။ ကိုးကားချက် ။ ။ ဥပမာအားဖြင့် ဆာလံ ၂၄း၃–၄ ကဲ့သို့သော ကျမ်းပိုဒ်များ။ ဆာလံ ၂၄း၃–၄ "*ထာ၀ရဘုရား၏ တောင်တော်ပေါ်သို့ အဘယ်သူ တက်ရမည်နည်း။ သန့်ရှင်းရာဌာနတော်၌ အဘယ်သူသည် ရပ်နေရမည်နည်း ဟူမူကား သန့်ရှင်းသော လက်နှင့် ဖြူစင်သောနှလုံးရှိသောသူ မုသာကို မမှီ၀ဲ မဆည်းကပ်၊ မမှန်သော ကျိန်ဆိုခြင်းကို မပြုသောသူသည်။*"

၂။ ကြေး၀ါအင်တုံက ကျွန်ုပ်တို့သည် ကိုယ့်ကိုကိုယ် မစင်ကြယ်အောင် ပြုလုပ်မိကြသော်ငြားလည်း ဘုရားသခင်က ကျွန်ုပ်တို့စင်ကြယ်စေရန် ပြင်ဆင်ပေးထားကြောင်း သတိရစေပါသည်။ ကိုးကားချက် ။ ။ ဥပမာအားဖြင့် ဒါ၀ိတ်၏ စင်ကြယ်စေရန် ဆုတောင်းချက် – "*အကျွန်ုပ်ကို စင်ကြယ်စေခြင်းငှာ ဟုဿုပ်ပင်ညွန့်နှင့် သန့်ရှင်းခြင်းမင်္ဂလာကို ပေးတော်မူပါ။ အကျွန်ုပ်ကို မိုးပွင့်ထက်သာ၍ ဖြူစင်ခြင်းငှာ ဆေးကြောတော်မူပါ။*"(ဆာလံ ၅၁း၇)

ယုံကြည် ကိုးစားမှုရှိပြီး သန့်ရှင်းသော ဝိညာဉ်တော်ကို ခံယူထားပြီး ဖြစ်ကြရမည်။ သို့မဟုတ်လျှင်မူ ကျွန်ုပ်တို့သည် ဆီမရှိသော မီးခွက်များနှင့်တူနေပေသည်။ ကျွန်ုပ်တို့တွင် စစ်မှန်သော ခရစ်ယာန်သက်သေခံချက်ရှိကြမည်မဟုတ်ချေ။ အကယ်စင်စစ် ရှင်ပေါလုက "*ခရစ်တော်၏ဝိညာဉ်ကို မရသောသူမည်သည်ကား ခရစ်တော်နှင့်မဆိုင်*" (ရောမ ၈း၉) ဟုပြောပါသည်။

ထဲသို့ သွားရမည့် ထာဝရသေခြင်းကို ရည်ညွှန်းကာ ပြောကြားနေခြင်းဖြစ်သည်။ ခရစ်တော်ကို ယုံကြည်သောသူများမှာမူ ဤသို့သောသေခြင်းကို ဘယ်အခါမျှ မတွေ့မြင်ကြရပါ။ အလင်းရှင်ဖြစ်သော သခင်ယေရှုကိုယ်တော်တိုင် ကျွန်ုပ်တို့နှင့် အတူ အစဉ်မပြတ် ရှိပေမည်ဖြစ်သည်။ ထို့ကြောင့် ခရစ်ယာန်များသည် ခန္ဓာကိုယ် သေခြင်းကို ရင်ဆိုင်ရသောအခါ ရဲဝံ့စွာရင်ဆိုင်နိုင်ပေသည်။

*ခြားနားချက်(၂)*။ ။ယခုအခါတွင်မူ ကျွန်ုပ်တို့အတွက် တဲတော်တွင် ဣသရေလ လူမျိုးများအသုံးပြုခဲ့သော မီးခုံတိုင်မျိုး မလိုအပ်တော့ချေ။ ခရစ်တော်ကိုယုံကြည် သောသူတိုင်းအား ဘုရားသခင်နှင့်ဆိုင်သောအရာများကို ရှင်းလင်းဖော်ပြဖို့ရန် ဉာဏ်အလင်းရစေသည့် သန့်ရှင်းသောဝိညာဉ်တော်ကို ခရစ်တော်အားဖြင့် ပေးထားပါသည် (၁ကော ၂း၁၀–၁၃)။

ကျွန်ုပ်တို့အထဲ၌ သန့်ရှင်းသော ဝိညာဉ်တော်ရရှိထားလျှင် လောကကြီး၏ ဝိညာဉ်ရေးရာမှောင်မိုက်မှုအလယ်မှာပင်လျှင် ဘုရားသခင်အတွက် ကျွန်ုပ်တို့ အလင်းလင်းနိုင်ပေမည် (ဖိ ၂း၁၅၊၁၆)။

သို့သော် အချို့သောလူများက အမှန်တကယ် မဟုတ်ပါပဲလျက် သူတို့ကိုယ် သူတို့ ခရစ်တော်များဟု ထင်နေတတ်ကြသည်။ အကြောင်းမှာ သူတို့က ကယ်တင်ရှင်ကို ဘယ်သောအခါကမျှ လက်ခံခဲ့ခြင်းမရှိကြဘဲ သန့်ရှင်းသော ဝိညာဉ်တော်ကိုလည်း မည်သည့်အချိန်တုန်းကမျှ လက်ခံခဲ့ခြင်း မရှိကြသောကြောင့် ပင်တည်း။

*သရုပ်ဖော်ပြချက်*။ (မ ၂၅း၁–၁၃)ပါ သတို့သမီးကညာ ဆယ်ယောက်ပုံဥပမာ အကြောင်းကို ပြောပြရင်း ဤအချက်ကို သရုပ်ဖော်ပြပါ။ သတို့သမီး (၅)ယောက်၌ မီးခွက်ရှိ သော်လည်း ဆီမရှိကြပေ။ ကျွန်ုပ်တို့အနေနှင့် မိမိကိုယ်တိုင် ခရစ်တော်ကို

**အဓိကရည်ရွယ်ချက်များ။** (ပစ္စုပ္ပန်ကာလအတွက်)

*ခြားနားချက်(၁)* ။ ရုပ်ပိုင်းဆိုင်ရာညစ်ညူးမှုနှင့် ဝိညာဉ်ပိုင်းဆိုင်ရာညစ်ညူးမှုတို့အကြား။

သခင်ယေရှုက "*ခံတွင်းသို့ ဝင်သောအရာသည် လူကိုညစ်ညူးစေသည်မဟုတ်။ ခံတွင်းမှ ထွက်သောအရာသည် လူကို ညစ်ညူးစေသောအရာဖြစ်သည်*"ဟု မိန့်တော်မူ၏ (မဿဲ ၁၅း၁၁)။

အစာမစားမီ အမြဲတမ်း ဂရုတစိုက် လက်ဆေးလေ့ရှိသော ဖါရိရှဲများက မုန့်မစားမီ လက်ကိုရှေးဦးစွာ မဆေးကြသော သခင်ယေရှုနှင့် တပည့်တော်များကို ပြစ်တင်ဝေဖန်ကြသည့် အဖြစ်အပျက်ကို သင့်ကိုယ်ပိုင်စကားလုံးများနှင့် ပြောပြပါ။ သခင်ယေရှုက ဝိညာဉ်ရေးရာ ညစ်ညူးမှုသည် ရုပ်ပိုင်းဆိုင်ရာ ညစ်ညူးမှုထက် သာ၍ အရေးကြီးကြောင်း ပြောခဲ့ပုံကို ထောက်ပြပါ(မဿဲ ၁၅း၁–၂၀)။ ထို့ပြင် ဝိညာဉ်ရေးရာ ညစ်ညူးမှုသည် အပြင်မှမလာဘဲ အတွင်းမှသာလာပါသည်။ "*မကောင်းသော ကြံစည်ခြင်း၊ လူ့အသက်ကို သတ်ခြင်း၊ သူ့မယားကို ပြစ်မှားခြင်း၊ မိန်းမလွတ်နှင့်မှားယွင်းခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ မမှန်သော သက်သေခံခြင်း၊ သူ့အသရေကို ဖျက်ခြင်းအရာတို့သည် နှလုံးထဲက ထွက်လာ၍ လူကိုညစ်ညူးစေသောအရာ ဖြစ်ကြ၏*" (မဿဲ ၁၅း၁၉၊၂၀)။

## ဝိညာဉ်ရေးရာညစ်ညူးခြင်း သရုပ်ဖော်ပြချက်

ကျွန်ုပ်တို့၏ သာမန်စကျွအာရုံနှင့် မမြင်နိုင်သော ပိုးမွှားများကြောင့် ကျွန်ုပ်တို့ အဆိပ်သင့်နိုင်ပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့ မုသာပြောသောအခါ (သို့) ခိုးဝှက်သောအခါ (သို့) မုန်းတီးစိတ်ရှိသောအခါ ကျွန်ုပ်တို့ မမြင်နိုင်သော်ငြား

လည်း ယင်းတို့သည် ကျွန်ုပ်တို့အား အဆိပ်သင့်စေပါသည်။ (သို့မဟုတ်) လူများ အငြင်းပွားကြသောအခါတွင် ပျော့်ရွှင်ကြည်နူးဘွယ်ရာ အခြေအနေသည် ပျက်စီးသွားရကာ တင်းမာမှုနှင့် စိတ်ပျက်ဖွယ်ရာများ ဖြစ်လာတတ်ကြောင်း ထောက်ပြပါ။ သာ၍အသက်ကြီးသောကလေးများကိုမူ ကျွန်ုပ်တို့၏စိတ်နှလုံးထဲတွင် အညှိုးထားခြင်း၊ ကလဲ့စားချေခြင်း၊ မနာလိုခြင်းများကို ထိန်းသိမ်းထားမည်ဆိုလျှင် ယင်းတို့က ကျွန်ုပ်တို့ကိုယ်ခန္ဓာအတွင်းထဲတွင် အချဉ်ပေါက်လာကာ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်ကျန်းမာရေးကိုပင် ထိခိုက်စေနိုင်ကြောင်း ထောက်ပြပါ။

**ခြားနားချက်(၂)** ။ ။ ရေနှင့်စင်ကြယ်စေခြင်းနှင့် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် စင်ကြယ်စေခြင်းတို့အကြား။ တမန်တော်ပေတရု၏စကားလုံးများကိုးကားချက်။

"*ယောဟန်သည် ရေ၌ ဗတ္တိဇံကိုပေး၏။ သင်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံကို ခံရကြလိမ့်မည်ဟု သခင်ဘုရားမိန့်တော်မူသောစကားကို ထိုအခါငါအောက်မေ့၏*" (တ ၁၁း၁၆)။

**ရှင်းပြရန်** ။ ။ ရေက ကျွန်ုပ်တို့၏ကိုယ်ခန္ဓာကိုသာလျှင် စင်ကြယ်စေနိုင်သည်။ ယခင်ယေရှုမိန့်တော်မူသောအရာသည် ဝိညာဉ်ရေးရာညစ်ညူးမှုအကြောင်းဖြစ်သည်။ ကျွန်ုပ်တို့၏စိတ်နှလုံးများကို ဝိညာဉ်ရေးရာညစ်ညူးမှ စင်ကြယ်စေရန် ဝိညာဉ်ရေးရာတန်ခိုးလိုအပ်ပေသည်။

သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် စိတ်နှလုံးစင်ကြယ်သွားသောသူ တစ်စုံတစ်ယောက်ကို *ဥပမာအနေဖြင့်ပြပါ*။ ပေါလုနှင့်သူ၏ပြောင်းလဲခြင်းနှင့် အသစ်ပြုပြင်ခြင်းအတွေ့အကြုံ။ တိတု ၃း၃–၇ မှ သူ၏ ကိုယ်ပိုင်ဖော်ပြထားချက်ကို ထောက်ပြပါ။

**အလင်းတည်းဟူသော ခရစ်တော်** – အပြစ်များခွင့်လွှတ်သည့်လမ်းကို ပြသသည်။

ဇာတ်လမ်းကို ဆက်ပြောရင်း အမျိုးသမီးသည် ခရစ်တော်၏မျက်မှောက်တော်တွင် မိမိအပြစ်ကို ဝန်ခံသောအပြစ်သားတစ်ယောက်အနေနှင့် ကျန်နေရစ်သောအခါ ခရစ်တော်က သူ့ကို ခွင့်လွှတ်ခဲ့ပြီး "*ငါသည်လည်း သင့်အမှုကို မစီရင်။ သွားလော့။ နောက်တဖန် ဒုစရိုက်ကို မပြုနှင့်*"ဟု မိန့်တော်မူခဲ့သည်။ ဤအကြောင်းအရာကို ရောမ ၈း၁၊၃၄ တို့နှင့် နှိုင်းယှဉ်ကြည့်ပါ။ "*အပြစ်စီရင်သောသူကား အဘယ်သူနည်း။ အသေခံ၍ ခံသည်သာမက၊ သေခြင်းမှ ထမြောက်၍ ဘုရားသခင်၏ လက်ျာတော်ဘက်၌နေလျက် ငါတို့အဘို့ ဆုတောင်းသောသူကား ခရစ်တော်ပေတည်း*"။

**အလင်းတည်းဟူသောခရစ်တော်** – အပြစ်လုပ်တတ်သည့် အကျင့်ဓလေ့မှ လွတ်မြောက်လမ်းကို ပြသသည်။

ယော ၈း၃၁–၃၆ ကို ကိုးကားပါ။ နှုတ်ကပတ်တော် နေ့စဉ်မပြတ် ဖတ်ရှုခြင်း၏ အရေးကြီးပုံကို အလေးအနက်ထားပါ။

**အလင်းတည်းဟူသောခရစ်တော်** – သေခြင်းတရားအပေါ် အောင်မြင်သောလမ်းကို ပြသသည်။

ယော ၈း၅၁–၅၈ ကို ကိုးကားပါ။ "*ငါအမှန်တကယ်ဆိုသည်ကား ငါ့စကားကို နားထောင်သောသူသည် သေခြင်းနှင့် အစဉ်မပြတ်ကင်းလွတ်လိမ့်မည်ဟု မိန့်တော်မူ၏*"။

ဤကျမ်းပိုဒ်က ထိုသူသည် ခန္ဓာကိုယ်သေဆုံးခြင်း မရှိတော့ဟု မဆိုလိုပါ။ အလင်းဖြစ်သော ဘုရားသခင်နှင့် ကင်းကွာကာ လုံးဝဥဿုံ ဝိညာဉ်ရေးရာ မှောင်မိုက်

**အလင်းတည်းဟူသောခရစ်တော်** – အပြစ်ကိုဖော်ပြသည်။

*သရုပ်ဖော်ချက်များ။* သင်သည် ဥယျာဉ်တစ်ခုထဲသို့သွားပြီး ကျောက်ပြားကြီး တစ်ခု (သို့) ဆွေးမြေ့နေသော သစ်တုံးတစ်တုံးကို လှန်ကြည့်လိုက်မည်ဆိုပါက များသောအားဖြင့် အင်းဆက်ပိုးမွှားကောင်များစွာကို တွေ့ရပေမည်။ ၎င်းတို့အပေါ် အလင်းရောင်ကျလာသောအခါ ၎င်းတို့က အလင်းရောင်ကို မနှစ်သက်သောကြောင့် မြန်မြန်ပြေးကာ ပုံးကွယ်ဖို့ ကြိုးစားကြလေတော့သည်။ သင်သည် ညစ်ပေနေသော အခန်းတွင်ရှိနေသည့်အခါ အလင်းရောင်မရှိချိန်တွင် ဖုန်မှုန့်များကို သင်မမြင်နိုင်ချေ။ သို့သော် အလင်းရောင်ဝင်လာပါက ဖုန်မှုန့်များကို သင်မြင်နိုင်ပေမည်။ သင်သည် အမှောင်ခန်းတွင်း၌ အကြာကြီးနေနေချိန်တွင် တစ်စုံတစ်ယောက်က မီးဖွင့်လိုက်လျှင် သင့်မျက်စိကျိန်းသွားမည်။ မီးဖွင့်လျှင်ဖွင့်ချင်း အလင်းရောင်ကို သင်နှစ်သက်မည် မဟုတ်ချေ။

ယော ၈း၁–၁၁ တွင် ပါသော အကြောင်းအရာကို ပြောပြပြီး ကိုယ့်ကိုကိုယ် ဖြောင့်မတ်သည်ဟု မှတ်ယူသော ဖာရိရှဲတို့၏အပြစ်များကို သခင်ယေရှုက မည်ကဲ့သို့ အံ့သြဖွယ်ရာ ဖော်ထုတ်ပြခဲ့သည်ကို ပြောပြပါ။ ဖာရိရှိများသည် အလင်းမျက်မှောက် မှ ထွက်ပြေးသွားကြသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့အား အပြစ်သားများ အဖြစ် ဖော်ထုတ်ပြခြင်းကို မနှစ်မြို့သောကြောင့်ပေတည်း။ *“လူတို့သည် မကောင်း သော အကျင့်ကိုကျင့်သောကြောင့် အလင်းထက်မှောင်မိုက်ကို သာ၍နှစ်သက်ကြ၏”* (ယော ၃း၁၉)။ သို့သော်လည်း အလင်မှဝေးရာသို့ ထွက်ပြေးခြင်းသည် မှောင်မိုက် ထဲသို့ သာ၍နက်ရှိုင်းစွာ ထိုးဆင်းသွားရန်သာ ဖြစ်ပေတော့သည်။ ထို့ပြင် အလင်း ထံပါးမှ ထွက်ပြေးခြင်းက သူသည် အပြစ်သားဖြစ်ကြောင်း ဝန်ခံရာရောက်ပြီး အပြစ်များဖော်ပြခံရမည်ကို ကြောက်ရွံ့သောသဘောသာဖြစ်သည်။

(က) ပေါလု ကယ်တင်ခြင်း မခံရမီက မည်သို့သော လူစားမျိုးနည်း။ (အငယ် ၃)

(ခ) ကယ်တင်ခြင်း၏နိယာမ ။ ။ ကျွန်ုပ်ကျင့်သော ဖြောင့်မတ်ခြင်းအကျင့်အားဖြင့်မဟုတ်။ (အငယ် ၅)

(ဂ) သူ့အား စင်ကြယ်စေသော တန်ခိုးတော် ။ ။ ဒုတိယမွေးခြင်းနှင့်ဆိုင်သော ဆေးကြောခြင်းအားဖြင့်နှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ အသစ်ပြုပြင်ခြင်းအားဖြင့်။ (အငယ် ၅)

**ရှင်းပြရန်** ။ ။ တပ်မှူးကောနေလိ၏ အတွေ့အကြုံကို ကိုးကားပြီး ကျွန်ုပ်တို့ သခင်ယေရှုကို ယုံကြည်သောအခါ သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံရရှိနိုင်ကြောင်း ရှင်းပြပါ။ (တ ၁၀း၄၄)

အသက်တာပြောင်းလဲခြင်း၌ စင်ကြယ်စေခြင်းသည် တကြိမ်တည်းသာ ဖြစ်ပြီး ယင်းနောက်တွင်မူ စင်ကြယ်စေခြင်းအမှုကို အဆက်မပြတ်ပြုနေရပုံကို အကြီးမားဆုံးဖော်ပြသောအချက်မှာ သခင်ယေရှုက တပည့်တော်များ၏ခြေကို ဆေးပေးခြင်းပင် ဖြစ်သည် (ယော ၁၃း၁–၁၀)။ အဖြစ်အပျက်ကို သင့်ကိုယ်ပိုင်စကားလုံးဖြင့် ပြောပြပါ။ "တကိုယ်လုံးရေချိုးခြင်း" (အသက်တာ ပြောင်းလဲခြင်း) နှင့် "ခြေဆေးခြင်း" (နေ့စဉ် ကျွန်ုပ်တို့ အသက်တာတွင် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လက်တွေ့ကျင့်သုံးခြင်း)

အရွယ်ရောက်ပြီး လူကြီးအချို့ပင်လျှင် အသွေးအားဖြင့် စင်ကြယ်စေခြင်းနှင့် ရေအားဖြင့် စင်ကြယ်စေခြင်းတို့အကြား ခြားနားချက်ကို တွေ့မြင်ရန် ခဲယဉ်းနေတတ်ပါသည်။ အချက်များကို တွေးတောစဉ်းစားမည်ဆိုလျှင် သင်ခန်းစာတစ်လျှောက်လုံးတွင် ဤအချက်က အထောက်အကူ ဖြစ်စေပါလိမ့်မည်။ (ဤအချက်မပါခဲ့လျှင် အသေးစိတ် အချက်အလက်များက ကလေးငယ်များကို အမှန်တကယ် အခက်အခဲ

ဖြစ်စေပါလိမ့်မည်။ သာ၍အသက်ကြီးသော ကလေးများအတွက်တော့ ကျေနပ်လောက်စရာဖြစ်မည်ဟု ထင်ရပါသည်။)

တဲတော်ဝင်းအတွင်းတွင် တန်ဆာနှစ်ခု ရှိပါသည်။

ယဇ်ပလ္လင် – အသွေးအားဖြင့် ဆေးကြောခြင်း ပြုလုပ်ပေးသည်။

ကြေးဝါအင်တုံ – ရေအားဖြင့် ဆေးကြောခြင်း ပြုလုပ်ပေးသည်။

ဓမ္မသစ်ကျမ်းတွင် စင်ကြယ်ခြင်းနှစ်မျိုးလုံးကို ဖော်ပြပါသည်။

ယော ၁း၇ – "*ဘုရားသခင်၏သားတော် ယေရှုခရစ်၏ အသွေးတော်သည် ငါတို့ အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏*"

ဧ ၅း၂၅–၂၇ – "*အချင်းယောကျ်ားတို့ ခရစ်တော်သည် အသင်းတော်ကို ချစ်တော် မူသကဲ့သို့ သင်တို့သည်လည်း ကိုယ့်ခင်ပွန်းကို ချစ်ကြလော့။ ထိုအသင်းတော်သည် သန့်ရှင်းလျက် အပြစ်ကင်းလျက် ရှိသည်ဖြစ်၍ အညစ်အကြေးတင်ခြင်း၊ အရေတွန့် ခြင်းမှ စသည်တို့နှင့် လွတ်လပ်သဖြင့် အသရေတင့်တယ်လျက်ရှိသော အသင်းတော်ကို ခရစ်တော်သည် မိမိအား ဆက်သအံ့သောငှာ နှုတ်ကပတ်တော်ရေ၌ ဆေးကြော ခြင်းအားဖြင့် စင်ကြယ်သန့်ရှင်းစေမည့်အကြောင်း ထိုအသင်းတော်အဖို့ အလို့ငှာ ကိုယ့်ကိုကိုယ် စွန့်တော်မူ၏။*"

အရက်မူးနေသည့် အခြေအနေမှဲ့ လူတစ်ယောက်က ရန်ပွဲတွင် လူတစ်ယောက်ကို သတ်လိုက်သည်။ သမ္မတကြီးက သူ့အပြစ်အား ခွင့်လွှတ်လိုက်သည်ဆိုပါစို့။ အဆိုပါ အခြေအနေမှဲ့သူသည် ဥပဒေကပေးမည့် ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ရပြီး လွတ်လပ်စွာ ထွက်သွားပါလိမ့်မည်။ သို့သော် သူသည် သမ္မတ၏ အိမ်တော်တွင် သမ္မတ၏ သူငယ်ချင်းတစ်ယောက်အနေနှင့် အံဝင်ခွင်ကျ အသက်ရှင်နေထိုင်ဖို့ ဆိုလျှင်မူ ခွင့်လွှတ်ခြင်းဆိုသည့် အတိုင်းအတာထက် သာ၍လိုအပ်ပါလိမ့်မည်။

ဘုရားသခင်မရှိဟုငြင်းပယ်သောသူသည် အသက်တာ၏ အဓိပ္ပာယ်နှင့်ရည်ရွယ်ချက်တွင် အလင်းမရှိသောသူဖြစ်ကြောင်း ထောက်ပြပါ။ အဘယ်ကြောင့်ဆိုသော် ဖန်ဆင်းရှင်မပါလျှင် ဘဝအသက်တာသည် အခြေခံအဓိပ္ပာယ်မဲ့နေပြီး ကြုံကြိုက်ဖန်ဖန်အခွင့်အလမ်းတစ်ရပ်သာဖြစ်ကာ အခြေခံရည်ရွယ်ချက်လည်းမဲ့နေပါသည်။

*၃။ အလင်းလင်းစေသောအရာ*

မီးခုံများရှိအလင်းကို လောင်စာဆီက ထုတ်လွှတ်ပေးပါသည်။ (ဇာခရိ ၄း၁–၆)တွင် အလင်းလင်းရန် ဆီကိုအသုံးပြုသည့် အခြားမီးတိုင်တစ်ခုအကြောင်း ပရောဖက်ပြုထားပါသည်။ ဘုရားသခင်က ပရောဖက်ကြီးအား ဆီနှင့်ပြည့်ဝနေသော ဤမီးခုံတိုင် ရုပ်ပုံအားဖြင့် သွန်သင်ခဲ့သည်မှာ *"ဤအမှုသည် ဗိုလ်ခြေအားဖြင့် မဟုတ်၊ အာဏာတန်ခိုးအားဖြင့် မဟုတ်၊ ငါ့ဝိညာဉ်အားဖြင့် ဖြစ်လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရား မိန့်တော်မူ၏"* (အငယ် ၆)။ ဘုရားသခင်၏အလင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးမပါလျှင် လူ၏ဉာဏ်ပညာနှင့်ခွန်အားသည် မလုံလောက်ချေ။

**အဓိကရည်ရွယ်ချက်။** (ပစ္စုပ္ပန်ကာလအတွက်)

*ခြားနားချက်(၁)*။ ။ ယခုအခါတွင်မူ ကျွန်ုပ်တို့အနေနှင့် ဘုရားသခင်သည် အလင်းဖြစ်ကြောင်းသတိရဖို့ရန် ရွှေမီးခုံတိုင် မလိုအပ်တော့ချေ။ အကြောင်းမှာ ဤလောက၏အလင်းဖြစ်တော်မူသော သခင်ယေရှုခရစ်တော်သည် ကျွန်ုပ်တို့၏ ကမ္ဘာလောကသို့ ကြွလာတော်မူကြောင်းကို ကျွန်ုပ်တို့သိကြသောကြောင့်ပေတည်း။

ခရစ်တော်က သူသည် ဤလောက၏ အလင်းဖြစ်ကြောင်း မိန့်တော်မူသော စကားသည် ဘာကိုဆိုလိုကြောင်း ကလေးငယ်များအားဖော်ပြရန်အတွက် ယောဟန် အခန်းကြီး(၈)မှအဖြစ်အပျက်များ၊ အပြန်အလှန်စကားပြောချက်များကို အသုံးပြုပါ။

(ခ) **စိတ်ခံစားမှုပိုင်းဆိုင်ရာ –** ကျွန်ုပ်တို့သည် ဝမ်းနည်းကြေကွဲမှုကို မှောင်မိုက်နှင့်နှိုင်းယှဉ်ပြောလေ့ရှိကြသည်။ လင်းလက်တောက်ပသောဝမ်းနည်းကြေကွဲမှုဟု သုံးနှုန်းလေ့မရှိကြပါ။

(ဂ) **အကျင့်စာရိတ္တပိုင်းဆိုင်ရာ –** ပြစ်မှုများကို အနက်ရောင် (သို့) မှောင်မိုက်ခြင်းနှင့် တွဲသုံးလေ့ရှိကာ လင်းလက်တောက်ပသော ပြစ်မှုဆိုသည့်အသုံးအနှုန်းမျိုး သုံးလေ့မရှိကြပါ။

**အဓိကရည်ရွယ်ချက်များ** (အတိတ်မှ)

*၁။ မီးခုံတိုင်အား တန်ဆာဆင်ခြင်း*

မီးခုံကို ရှင်သန်နေသော သစ်ပင်တပင်နှင့်တူအောင် ပြုလုပ်ထားပါသည်။ ယင်းတွင် အဖူးများ၊ အပွင့်များနှင့် ဗာဒံသီးများကို ပင်မတိုင်နှင့် အလက်(၆)လက်တို့တွင် တွေ့ရပါသည်။ ၎င်းတွင် အသက်တာ၏ အဆင့်(၃)ဆင့်ဖြစ်သော အဖူး– ဖွံ့ဖြိုးလာမည့် အသက်တာ။ အပွင့် – အသက်တာ၏လှပမှု။ ဗာဒံသီး – အသက်တာ၏ရင့်ကျက်ခြင်းတို့ ရှိသည်။ ထို့ကြောင့် မီးခုံတိုင်သည် ဣသရေလလူမျိုးများအား ဘုရားသခင်သည် အသက်၏မဟာအရင်းအမြစ်ဖြစ်ကြောင်း သတိရစေပါသည်။

*၂။ မီးခုံတိုင်၏လုပ်ဆောင်ချက်*

၎င်းသည် သန့်ရှင်းရာဌာနကို အလင်းပေးသော ဆီမီးခွက်(၇)လုံးကို ချီပင့်ထားပါသည်။ ဤအချက်က လူအပေါင်းတို့အား အသက်၏အရင်းအမြစ်ဖြစ်သော ဘုရားသခင်သည် အလင်း၏အရင်းအမြစ်လည်းဖြစ်ကြောင်း သတိရစေပါသည်။ ဘုရားသခင်သည် ရုပ်ပိုင်းဆိုင်ရာအလင်း (ကမ္ဘာ ၁း၃)နှင့် ဝိညာဉ်ရေးရာအလင်းလည်းဖြစ်ပါသည် (ဆာ ၂၇း၁။ ဟေရှာ ၆၀း၁၉)။ အကြီးပိုင်းကလေးများကို

သူ့အနေနှင့် အကျင့်စာရိတ္တ ပြောင်းလဲရန် လိုအပ်မည်ဖြစ်ပြီး သူ၏ဆိုးရွား ညစ်ညူးသော အကျင့်ဓလေ့များကို စင်ကြယ်သွားအောင် ပြုလုပ်ရန် လိုအပ်ပေလိမ့်မည်။ ထို့ကြောင့် ခရစ်တော်သည် အသွေးတော်အားဖြင့် ကျွန်ုပ်တို့အား ခွင့်လွှတ်တော်မူခဲ့သည် (ဧဖက် ၁း၇)။ ထို့နည်းတူ ခရစ်တော်သည် သန့်ရှင်းသော ဝိညာဉ်တော်၏တန်ခိုးတော်အားဖြင့် ကျွန်ုပ်တို့အား စင်ကြယ်စေခဲ့ပြီး အသက်သစ်နှင့် စိတ်သဘောသစ်ကိုလည်း ပေးတော်မူခဲ့လေသည် (၁ပေ ၁း၂၂–၂၅)။ ထို့ပြင် ကျွန်ုပ်တို့ထဲမှ နေပြီး အပြစ်တရားကို နေ့စဉ်ဆန့်ကျင် တိုက်ခိုက်နေပါသည် (ဂလာတိ ၅း၁၆–၁၈)။

“*စိတ်နှလုံးကို သံဝေဂတရားနှင့် လွတ်အောင်ဖြန်းခြင်း (အသွေးတော်နှင့်) ကိုယ်ကာယကိုလည်း ကြည်သာရေနှင့် ဆေးကြောခြင်းရှိပြီးမှ အထံတော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့။*” (ဟေဗြဲ – ၁၀း၂၂)

## သင်ခန်းစာ (၄)

*အဓိကကျမ်းအပိုဒ်။* ။ ဟေဗြဲ ၇း၂၅

*"ထို့ကြောင့် အကြင်သူတို့သည် ယေရှုအားဖြင့် ဘုရားသခင့်အထံတော်သို့ ချဉ်းကပ်ကြ၏။ ထိုသူတို့၏အမှုကို ကိုယ်တော်သည် စောင့်လျက်ကာလအစဉ် အသက်ရှင်သောကြောင့် သူတို့ကို အစဉ်ကယ်တင်ခြင်းငှာ တတ်နိုင်တော်မူ၏။"*

# *နံ့သာပေါင်းမွှေး မီးရှို့ရာယဇ်ပလ္လင်*

**နိဒါန်းပျိုးခြင်း။** ကျွန်ုပ်တို့သည် တစ်ယောက်ယောက်ကို ချစ်ခင်နှစ်သက်သောအခါတွင် ထိုသူနှင့် စကားစမြီးပြောဆို လိုကြသည်။ သူ့အတွက် မည်သည့်အရာများ လုပ်ပေးနေကြောင်းနှင့် လုပ်ပေးမည့်အကြောင်းများ ပြောပြရင်း သူ့အကြံပေးမှုကိုလည်း သိလိုကြသည်။ ထို့နည်းတူ ဘုရားသခင်ကလည်း သူ့ထံသို့ ကျွန်ုပ်တို့၏ စကား စမြီး ပြောဆိုမှုကို နှစ်သက်ပေသည်။ ဤသို့ ဘုရားအား စကားပြောခြင်းကို ဆုတောင်းခြင်းဟု ခေါ်သည်။

နံ့သာပေါင်းမွှေး ယဇ်ပလ္လင်တည်နေရာကို ညွှန်ပြပါ။ ဘုရားသခင်၏ ပလ္လင်တော်ဖြစ်သော ပဋိညာဉ်သေတ္တာနှင့် ဂရုဏာပလ္လင်ရှေ့တွင် ချိတ်ဆွဲထားသောကုလားကာရှေ့တွင် ဖြစ်သည်။ ဤယဇ်ပလ္လင်တွင် ယဇ်ပုရောဟိတ်တို့ မတ်တပ်ရပ်လျက် ဘုရားသခင်ထံသို့ ဆုတောင်းခြင်းဖြင့် စကားပြောလေ့ရှိကြသည်။
နံ့သာပေါင်းမွှေး မီးရှို့ရာယဇ်ပလ္လင်အကြောင်း ဖော်ပြချက် ။ ။ ထွက် ၃၀း၁–၁၀

## သင်ခန်းစာ(၇)

*အဓိကကျမ်းပိုဒ်။* ။ ယော ၈း၁၂

*"တဖန် တုံယေရှုက ၊ ငါသည် ဤလောက၏ အလင်းဖြစ်၏။ ငါ့နောက်သို့လိုက်သောသူသည် မှောင်မိုက်၌ မသွားမလာ၊ အသက်၏အလင်းကို ရလိမ့်မည်ဟု မိန့်တော်မူ၏"။*

# မီး ခုံတိုင်

**နိဒါန်းပျိုးခြင်း။** မျက်စိဖြင့်မြင်ရသည့်အလင်းအကြောင်း ပြောကြပါစို့။ မည်မျှ အံ့ဩဖွယ်ကောင်းပါသနည်း။ အလင်းက ကျွန်ုပ်တို့အား အရာဝတ္ထုများကို တွေ့မြင်နိုင်စေပါသည်။ အသက်အနည်းငယ် ပိုကြီးသော ကလေးများအတွက် သုံးမြှောင့်ဖန်တုံးကို အသုံးပြု ကာ အဖြူရောင်အလင်းသည် အရောင်များစွာဖြင့် စုပေါင်းဖွဲ့စည်းထားကြောင်း ပြသပါ။

ပစ္စည်းများတွင် ရှိနေသော အရောင်များကို အလင်းရောင်ရှိမှ မြင်တွေ့နိုင်ကြောင်း ထောက်ပြပါ။ အကယ်၍ ကလေးများသည် ဤအရာကို ရူပဗေဒ ဘာသာတွင် သင်ကြားခံယူခဲ့ပြီးဖြစ်ပါက ထိုအချက်ကို ပြန်လည်ကိုးကားပါ။ ထို့နောက် အလင်းမရှိဘဲ အသက်ရှင်သန်ရန် မဖြစ်နိုင်ကြောင်း ထောက်ပြပါ။

ထို့နောက် အလင်းနှင့်အမှောင်ဆိုသည့် စကားလုံးများကို ပုံဆောင်ချက် ဥပမာအလင်္ကာအနေဖြင့် အသုံးပြုထားပုံကို ရှင်းပြပါ။

(က) **စိတ်ပိုင်းဆိုင်ရာ –** ခက်ခဲသောပြဿနာများနှင့်ဆက်စပ်လျက် "အလင်း" အကြောင်း ကျွန်ုပ်တို့ပြောဆိုကြသည်။ ကျွန်ုပ်တို့သည် ပြဿနာတစ်ခုကို ထိုးဖောက်ပြီး မမြင်နိုင်ကြသောအခါ ၎င်းသည် အမှောင်ပင်ဖြစ်သည်။

ဘုရားသခင်၏ မျက်မှောက်တော်မှ နှင်ထုတ်ခြင်းကို ခံထိုက်ကြပါပေသည်။ သို့ဖြစ်လျှင် ကျွန်ုပ်တို့ ဘုရားသခင်အား မည်ကဲ့သို့ တွေ့ဆုံနိုင်ပါမည်နည်း။ အဖြေကတော့ ခရစ်တော်သည် ကျွန်ုပ်တို့အတွက် အသေခံခဲ့ပြီးပြီ ဖြစ်သည်။ သူသည် အပြစ်အတွက် ခံရမည့်ပြစ်ဒဏ်ကို ခံခဲ့ပြီးပြီဖြစ်သည်။ ယခုသူသည် ကျွန်ုပ်တို့အတွက် ဘုရားသခင်၏မျက်မှောက်တော်တွင် ရှိနေပါသည်။ ဘုရားသခင်က သူ၏ယဇ်ပူဇော်မှုကို အားရကျေနပ်ခဲ့ပါသည်။ ကျွန်ုပ်တို့အပြစ်များအတွက် တရားစီရင်ခြင်းကို ခရစ်တော်က အပြည့်အဝ ခံယူပေးဆပ်ခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်က ခရစ်တော်ကို လက်ခံခြင်းဖြင့် ခရစ်တော်ကိုယုံကြည်ကိုးစားသူအားလုံးကို လက်ခံခဲ့ပါသည်။ ထို့ကြောင့် သခင်ယေရှုက သူ့ကိုယုံကြည်ကိုးစားသူမှန်သမျှ တရားစီရင်ခြင်းမခံရဟု ပြောခဲ့ခြင်းဖြစ်ပါသည်။ သူသည် အပြစ်သားများအတွက် တရားစီရင်ခြင်းကို ခါးစည်းခံခဲ့ပြီး ဖြစ်သည်။

## ကျွန်ုပ်တို့၏သခင်ဘုရား ဒုတိယအကြိမ်ပေါ်ထွန်းခြင်း

"*ထိုနည်းတူ ခရစ်တော်သည် လူများအပြစ်တို့ကို ခံခြင်းငှာ တစ်ခါတည်း ကိုယ်ကိုပူဇော်ပြီးမှ နောက်တဖန် ထိုသခင်ကို မျှော်လင့်လျှက်နေသော သူတို့ကို ကယ်တင်ခြင်း အလို့ငှာ အပြစ်နှင့်မဆိုင်ပဲ ပေါ်ထွန်းတော်မူလတ္တံ့*"(ဟေဗြဲ၉း၂၈)။

ယုဒယဇ်ပုရောဟိတ်မင်းသည် အသန့်ရှင်းဆုံးဌာနထဲတွင် အသွေးကို ပက်ဖျန်းပြီးသောအခါ လူပရိသတ်ရှေ့မှောက် ပြန်ထွက်လာပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သခင်သည်လည်း ကောင်းကင်ဘုံထဲတွင် ဝင်ရောက်သွားခဲ့ပြီးနောက် တစ်နေ့သောအခါ ပြန်လည်ကြွလာဦးမည် ဖြစ်သည်။ ကျွန်ုပ်တို့၏ သခင်ဘုရား ပြန်ကြွလာသောအခါဒုတိယဆိတ်ကို အပြစ်ဖြစ်ရာယဇ်အဖြစ်ပူဇော်ရသောယဇ်ပုရောဟိတ်မင်းနှင့်မတူဘဲ အပြစ်ဖြေရာယဇ်များ ထပ်မံပူဇော်နေစရာမလိုတော့ချေ။ သူ၏လူများကို ကယ်တင်ရန်ကြွလာမည် ဖြစ်သည်။ ဆိုလိုသည်မှာ သူတို့၏ ခန္ဓာကိုယ်ကိုရွေးနှုတ်ကယ်တင်ကာ ကောင်းကင်ဘုံ အဖအိမ်တော်ထဲသို့ ခေါ်ဆောင်သွားရန်ဖြစ်သည်။ (ဖိ ၃း၂၀၊၂၁)

**အဓိကရည်ရွယ်ချက်** (အတိတ်မှ)

၁။ လူများ ဆုတောင်းကြသည့်အခါ သူတို့၏ ကိုယ်စားလှယ်ဖြစ်သော ယဇ်ပုရောဟိတ်သည် နံ့သာပေါင်းမွှေးမီးရှို့ရာယဇ်ပလ္လင်ပေါ်တွင် နံ့သာပေါင်းများကို ပူဇော်လေ့ရှိသည်။ ဗတ္တိဇံဆရာယောဟန်၏ဖခင်ဇာခရိသည် ဤသို့ ပြုနေစဉ်တွင် ကောင်းကင်တမန်တပါး ပေါ်လာပြီး "*သင်ပြုသော ပဌာနကို နားခံတော်မူပြီ*" ဟု ပြောဆိုခဲ့လေသည်။ (လုကာ ၁း၈–၂၃)

နံ့သာပေါင်းမွှေးပူဇော်ရခြင်း၏ ရည်ရွယ်ချက်မှာ လူတို့သည် အပြစ်နှင့် ပြည့်ဝနေသောကြောင့် သူတို့၏ ကိုယ်ပိုင်အရည်အသွေးအားဖြင့် မည်သည့် အရာကိုမျှ ဘုရားသခင်ထံသို့ တောင်းခံ၍ မရနိုင်ကြချေ။ ထို့ကြောင့် သူတို့၏ ဆုတောင်းချက်များကို မွှေးကြိုင်သော နံ့သာပေါင်းဖြင့် လွှမ်းခြုံလျက် တောင်းခံကြခြင်းအားဖြင့် သူတို့၏ ဆုတောင်းချက်များတို့သည် နံ့သာပေါင်း ၏ မွှေးကြိုင်သောအနံ့များထဲမှနေ၍ ဘုရားသခင်ထံတော်ပါးသို့ ရောက်ရှိ သွားလေသည်။ ဗျာဒိတ် ၈း၃–၅ တွင်ပါသော နံ့ပေါင်းမီးရှို့သော ရွှေ ယဇ်ပလ္လင်မြင်ကွင်းကို ကြည့်ပါ။

၂။ လူတိုင်း ဘုရားသခင်ထံသို့ အချိန်မရွေး ဆုတောင်းနိုင်သော်ငြားလည်း ဘုရားသခင်ရှေ့တော်၌ ကိုယ်စားပြုနိုင်ရန်အတွက် သူတို့တွင် ယဇ်ပုရောဟိတ် မင်းခေါ် အထူးယဇ်ပုရောဟိတ်တစ်ပါး ရှိလေသည်။ သူသည် ဘုရားသခင် ထံတော်သို့သွား၍ လူများအတွက် ဆုတောင်းပေးသောအခါ သူ၏ရင်ဘတ် ပေါ်တွင် ဣသရေလအမျိုး(၁၂)မျိုး၏ အမည်များကို ရေးထိုးထားသော အဖိုးတန်ကျောက်မျက် (၁၂)လုံး စီချယ်ထားသော ရင်အုပ်တန်ဆာကို ဝတ်ဆင် ရလေသည် (ထွက် ၂၈း၁၃–၂၉)။ ဤသို့အားဖြင့် သူသည် ဘုရားသခင်

ရှေ့တော်ဝယ် သူတို့ (ဣသရေလ ၁၂ မျိုး)၏ နာမများကို နှလုံးသားပေါ် ဆောင်ထားရလေသည်။

**အဓိကရည်ရွယ်ချက်။** (ပစ္စုပ္ပန်ကာလအတွက်)

*ခြားနားချက်(၁)* ။ ။ ကျွန်ုပ်တို့တွင် ဣသရေလလူများထက် သာလွန်သော ကောင်းမြတ်သည့် အရည်အသွေးမရှိကြပါ။ ထိုသူတို့ တောင်းဆိုနိုင်သည်ထက် သာလွန်၍ ကျွန်ုပ်တို့၏ ကောင်းမြတ်သော အရည်အသွေးအပေါ် အခြေခံကာ ကျွန်ုပ်တို့၏ ဆုတောင်းချက်များကို ရသင့်ရထိုက်ကြောင်း တောင်းဆိုပိုင်ခွင့် မရှိကြပါ။ သို့သော် ယော ၁၆း၂၄ တွင် သခင်ယေရှုကိုယ်တိုင် မိန့်တော်မူသကဲ့သို့ သူ၏နာမကို အမှီပြုကာ ကျွန်ုပ်တို့ ဆုတောင်းနိုင်ကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဆုတောင်းချက်များသည် သခင်ယေရှု၏ စုံလင်သော အရည်အချင်းကြောင့် ဘုရားသခင်ထံ ရောက်ရှိကာ နားညောင်းပြီး အဖြေပေးလေသည်။

*ခြားနားချက်(၂)* ။ ။ ခရစ်ယာန်များတွင်လည်း ဣသရေလလူမျိုးများကဲ့သို့ပင် သူတို့အတွက် ဆုတောင်းပေးမည့် ယဇ်ပုရောဟိတ်မင်း ရှိပါသည်။ သို့သော်လည်း ခရစ်ယာန်များ၏ ယဇ်ပုရောဟိတ်မင်းသည် အားနည်းပြီး သေတတ်သော လောကီလူသားမဟုတ်ဘဲ ဘုရားသခင်၏ သားတော်ကိုယ်တိုင်ပင် ဖြစ်လေသည် (ဟေဗြဲ ၇း၂၃–၂၈။ သူသည် အစဉ်အမြဲ အသက်ရှင်သောကြောင့် သူ့အားဖြင့် ဘုရားသခင်ထံလာသောသူများအား အကြွင်းမဲ့ကယ်တင်ခြင်းငှာ တတ်နိုင်တော်မူသည်။

တစ်ချိန်တည်းမှာပင် သူသည် လူသားစင်စစ်ဖြစ်သည်။ တစ်ချိန်တုန်းက ဤကမ္ဘာလောကတွင် အသက်ရှင်နေထိုင်ခဲ့ပြီး ကျွန်ုပ်တို့ကဲ့သို့ကင် ကဏ္ဍတိုင်းတွင် စုံစမ်းနှောက်ယှက်ခြင်း ခံခဲ့ရသော်လည်း အပြစ်မပြုခဲ့ချေ။ ဆိုလိုသည်မှာ သူသည် ကျွန်ုပ်တို့ စုံစမ်းနှောက်ယှက်ခြင်းခံရမှုကို နားလည်ပြီး ဤအချက်ကပင်လျှင် သူ့အား

*"ငါတို့အဘို့ ထာဝရရွေးနှုတ်ခြင်း ကျေးဇူးကိုခံရ၍ ဆိတ်အသွေး၊ နွားကလေး အသွေးနှင့်မဟုတ်၊ မိမိအသွေးတော်နှင့် သန့်ရှင်းရာဌာနထဲသို့ တစ်ခါတည်း ဝင်တော်မူ၏"* (ဟေဗြဲ ၉း၁၂)။

ယုဒယဇ်ပုရောဟိတ်မင်းသည် လူအပေါင်းတို့ကို ကိုယ်စားပြုကာ ဘုရားသခင်၏ မျက်မှောက်တော်သို့ ဝင်ရောက်သောအခါ ဘုရားသခင်က သူ့ကိုလက်ခံခြင်းသည် သူကိုယ်စားပြုသောသူများကို လက်ခံခြင်းဖြစ်သကဲ့သို့ ခရစ်တော်သည်လည်း သူ့ကိုယုံကြည်ကိုးစားသူအပေါင်းတို့ကိုယ်စား ဘုရားသခင်၏မျက်မှောက်တော်သို့ ဝင်သွားခဲ့သည်။ အကယ်၍ ဘုရားသခင်က သူ့အားလက်ခံခဲ့လျှင် (လက်ခံပါ့မလားဟု သံသရိုန်ရန်မလိုပါ) ဘုရားသခင်က ခရစ်တော်ကို ယုံကြည်ကိုးစားသောသူအားလုံးကို လက်ခံကြောင်း အဓိပ္ပာယ်သက်ရောက်ပေသည်။

ခရစ်တော်သည် သူ၏အသွေးကို ယူဆောင်ကာ ကောင်းကင်ဘုံသို့ ဝင်ရောက်ခဲ့သည်ဟုဆိုရာဝယ် တိုက်ရိုက်အဓိပ္ပါယ်အတိုင်း တကယ့်အသွေးကို ကောင်းကင်ဘုံသို့ ယူဆောင်သွားခြင်းကိုမဆိုလိုပါ။ ဓမ္မသစ်ကျမ်းတွင် တဲတော်နှင့်ဆိုင်သော ဝေါဟာရကို အသုံးပြုထားခြင်းဖြစ်ပါသည်။ ဂျူးယဇ်ပုရောဟိတ်မင်းသည် ဂရုဏာပလ္လင်၏ အပေါ်နှင့်ရှေ့မှောက်တွင် အသွေးကိုပက်ဖျန်းပါသည်။ ဤဆောင်ရွက်ချက်ကပြောပြနေသည်မှာ ပရိသတ်အပေါင်းတို့သည် ဂရုဏာပလ္လင်အောက်ရှိ ပဋိညာဉ်သေတ္တာထဲမှ ကျောက်ပြားပေါ်တွင် ရေးထွင်းထားသော ဘုရားသခင်၏ သန့်ရှင်းသော ပညတ်တော်ကို ချိုးဖောက်ကြောင်း ဝန်ခံခြင်းဖြစ်သည်။ ပညတ်တော်ကို ချိုးဖောက်ခြင်း၏အပြစ်ဒဏ်သည် သေခြင်းဖြစ်သည်။ ထို့ကြောင့် လူအပေါင်းတို့ သေထိုက်ကြပါသည်။ သို့သော် သူတို့၏ ယဇ်ကောင်သည် သူတို့အတွက် သေခဲ့ရသည်။ ယဇ်ကောင်အသွေးသည် ယဇ်ကောင်သေခြင်းနှင့်အတူ ပညတ်တရားအတွက် အပြစ်ဒဏ်ခံခြင်းအမှု ပြီးမြောက်သွားပြီဖြစ်ကြောင်း အမှတ်သင်္ကေတဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့အပြစ်ပြုမိခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင် ပညတ်တော်၏ အပြစ်စီရင်ခြင်းကို ခံထိုက်သူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့သည်

**အဓိကရည်ရွယ်ချက်များ ။** (ပစ္စုပ္ပန်ကာလအတွက်)

## ကျွန်ုပ်တို့၏သခင်ဘုရားပထမအကြိမ် ပေါ်ထွန်းခြင်း

*"ဤကပ်ကာလအဆုံး၌ တစ်ခါတည်း ကိုယ်ကို ပူဇော်သောအားဖြင့် အပြစ်များကို သုတ်သင်ပယ်ရှားစေခြင်းငှာ ပေါ်ထွန်းတော်မူ၏"* (ဟေဗြဲ ၉း၂၆)။

ထိုအရှင်သည် လူသားများတွေ့မြင်နိုင်ရန် ကောင်းကင်ဘုံမှ ကျွန်ုပ်တို့ကမ္ဘာပေါ်သို့ ကြွဆင်းလာတော်မူသော ကျွန်ုပ်တို့၏သခင်ဘုရားပင်ဖြစ်သည်။ ထို့နောက် ကရာနီအရပ်တွင် ကျွန်ုပ်တို့အပြစ်များအတွက် သူ့ကိုယ်ကို ပူဇော်ခဲ့လေသည်။ သူ၏ယဇ်ပူဇော်မှုနှင့် ယုဒယဇ်ပုရောဟိတ်မင်း၏ပူဇော်မှုတို့အကြားကွာခြားချက်မှာ ယဇ်ပုရောဟိတ်မင်းသည် တစ်နှစ်တစ်ခါ ထပ်တလဲလဲ ပူဇော်ရပြီး အချို့ယဇ်များကိုမူ နေ့စဉ်ပင်ပူဇော်နေရသည်။ သို့သော် သခင်ယေရှုသည် သူ့ကိုယ်သူ တစ်ကြိမ်သာပူဇော်ရပါသည်။ (ဟေဗြဲ ၇း၂၇ ။ ၉း၂၅ ။ ၁၀း–၁၁–၁၄)

## ကျွန်ုပ်တို့၏သခင်ဘုရား ဒုတိယအကြိမ်ပေါ်ထွန်းခြင်း

*"ထိုသို့နှင့်အညီ မှန်သော သန့်ရှင်းရာဌာနတို့၏ ပုံဖြစ်သော လူတို့လက်ဖြင့် လုပ်သော သန့်ရှင်းရာဌာနထဲသို့ ခရစ်တော်သည် မဝင်ဘဲ၊ ငါတို့အတွက်ကြောင့် ယခု ဘုရားသခင်၏ရှေ့တော်၌ ကိုယ်ကိုပြခြင်းငှာ ကောင်းကင်ကိုယ်ထဲသို့ ဝင်တော်မူပြီ"* (ဟေဗြဲ ၉း၂၄)။

ဂျူး ယဇ်ပုရောဟိတ်မင်းသည် အပြစ်ဖြေရာယဇ်ကောင်အသွေးကို အသန့်ရှင်းဆုံးဌာနတောထဲသို့ ဆောင်ယူသွားကာ ဂရုဏာပလ္လင်၏အပေါ်နှင့် ရှေ့မှောက်တွင် ပက်ဖျန်းသကဲ့သို့ သခင်ယေရှုသည်လည်း ကားတိုင်ထက်ဝယ် အသေခံ၊ မြှုပ်နှံခြင်းကိုခံတော်မူကာ ရှင်ပြန်ထမြောက်ပြီးနောက် ကောင်းကင်ဘုံသို့ ပြန်တက်သွားခဲ့ပါသည်။

စာနာထောက်ထားတတ်ပြီး ဂရုဏာနှင့် ပြည့်စုံသော ယဇ်ပုရောဟိတ်မင်း ဖြစ်စေခဲ့ပါသည်။ ထို့ကြောင့် အချိန်မရွေး ကျွန်ုပ်တို့ သူ့ထံသို့ ရဲရင့်စွာ တိုးဝင်ချဉ်းကပ်နိုင်ပြီ ဖြစ်သည်။ (ဟေဗြဲ ၄း၁၄–၁၆)

ကျွန်ုပ်တို့သခင်၏ ကိုယ်စားပြု ဆုတောင်းပေးရခြင်း ရည်ရွယ်ချက်(၂)မျိုးကို ရှင်းပြပါ။

၁။ မည်သည့်အရာကမျှ ကျွန်ုပ်တို့ကို ဘုရားသခင်၏မေတ္တာတော်နှင့် မကွဲကွာစေရန်နှင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်း မပျက်ဘဲ တည်မြဲနေစရန်အလို့ငှာ ကျွန်ုပ်တို့အတွက် သခင်ခရစ်တော်က ဆုတောင်းပေးပါသည်။ တမန်တော်ပေတရု၏ပုံသက်သေကိုးကားချက်။ ။ သူသည် စုံစမ်းနှောက်ယှက်ခြင်းအောက်တွင် လဲကြခဲ့သော်လည်း သူ၏ယုံကြည်ခြင်း မပျက်ပြား မဆုံးရှုံးရခြင်းမှာ သခင်ခရစ်တော်က သူ့အတွက် ဆုတောင်းပေးခဲ့၍ ဖြစ်ပါသည် (လု ၂၂း၃၁–၃၃)။

၂။ သူက ကျွန်ုပ်တို့ အပြစ်ကျူးလွန်မိသောအခါ ကျွန်ုပ်တို့၏အမှုဆောင်သခင်အနေနှင့် ဆုတောင်းပေးခြင်းကြောင့် ဘုရားသခင်က ကျွန်ုပ်တို့ကို မငြင်းပယ်တော့ပေ (၁ယော ၂း၁၊၂)။

ဤအချက်ကို တရားရုံး၌ ရှေ့နေတစ်ဦးက တရားခံအတွက် လျှောက်လဲပေးနေပုံနှင့် သရုပ်ဖော်ပြပါ။ လောကရှေ့နေတစ်ဦးသည် သူ့အမှုသည်၏ ကျူးလွန်မှုကြီးလေးခြင်းကို အပေါ့ဆုံးဖြစ်အောင် ကြိုးစားကာ သူ့အတွက် အတတ်နိုင်ဆုံး လျှောက်လဲချက်များပေးလေ့ရှိပါသည်။ ကျွန်ုပ်တို့၏ အမှုဆောင်သခင်သည် ထိုကဲ့သို့မဟုတ်ချေ။ သူသည် ဖြောင့်မတ်သူဖြစ်သည်။ သူသည် ကျွန်ုပ်တို့အပြစ်များကို သေးငယ်ပေါ့ပါးသွားအောင် ဘယ်သောအခါမျှ မကြိုးစားပါ။ သူက အဆိုးရွားဆုံးကိုပင် ဝန်ခံနိုင်ခဲ့သည်ဖြစ်၍ သူ၏ယဇ်ပူ

ဖော်ခြင်းက အပြစ်အားလုံးကို ဖြေလွှတ်ရန်အတွက် လုံလောက်ပါသည်။ သူက ကျွန်ုပ်တို့၏ ထိုက်တန်သော အရည်အချင်းကိုလည်း တောင်းဆိုမှု မပြုပါ။ အကြောင်းမှာ ကျွန်ုပ်တို့ အပြစ်လွှတ်ခံရခြင်းသည် ကျွန်ုပ်တို့၏ ထိုက်တန်သော အရည်အချင်းပေါ်မဟုတ်ဘဲ သူ၏ယဇ်ပူဇော်မှုအပေါ်တွင်သာ အခြေခံပါသည်။

**အလေးထားပါ။**

၁။ ကလေးငယ်သည် အချိန်မရွေး၊ နေရာမရွေး သခင်ယေရှုထံ ဆုတောင်းခြင်းအားဖြင့် တိုက်ရိုက်တိုးဝင်ချဉ်းကပ်နိုင်ပြီး လိုအပ်သည့် အချိန်များတွင် ကရုဏာတော်နှင့် ကျေးဇူးတော်ကို ခံစားရရှိနိုင်ပါသည်။ နှုတ်ကပတ်တော် ကိုးကားချက် ။ ။ "ထို့ကြောင့် ငါတို့သည် သနားကရုဏာကိုဎင်း၊ တော်လျော်သော မစခြင်း ကျေးဇူးတော်ကိုဎင်း ခံရမည့်အကြောင်း၊ ရဲရင့်သော စိတ်နှင့် ကျေးဇူးပလ္လင်တော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့"(ဟေဗြဲ ၄း၁၆)

၂။ သခင်ယေရှု၏ ကိုယ်စားပြုဆုတောင်းပေးမှုက ယုံကြည်သူများအား ကယ်တင်ခြင်းစိတ်ချမှု ရရှိစေသည်။ ရှင်ပေါလုက သခင်ယေရှု၏ ကိုယ်စားပြုဆုတောင်းခြင်းအကြောင်း ရေးသားထားသော အချက်များကို ရောမ ၈း၃၀–၃၉ တွင် ဖတ်ကြည့်ပါ။

သခင်ယေရှု၏ ကိုယ်စားပြုဆုတောင်းချက်ကိုဖတ်ပါ (ယော ၁၇း၁–၂၆)။

## ပထမအကြိမ် ယဇ်ပရောဟိတ်မင်း ပေါ်ထွက်လာခြင်း။

ယဇ်ပုရောဟိတ်မင်းသည် ဘုရားသခင်၏ မျက်မှောက်တော်မှနေ၍ လူတိုင်း မြင်နိုင်သော တဲတော်ဝင်းသို့ ဝင်သွားကာ ယဇ်ပလ္လင်သို့ ချဉ်းကပ်လျက် လူတိုင်း၏ ရှေ့မှောက်တွင် သူတို့အပြစ်များအတွက် ဆိတ်တကောင်ကို ယဇ်ပူဇော်ရသည် (ဝတ် ၁၆း၁၅)။

## ဒုတိယအကြိမ် ယဇ်ပုရောဟိတ်မင်း ပေါ်ထွက်လာခြင်း

ဤတစ်ကြိမ်တွင်မူ သူသည် လူအများရှေ့မှောက်တွင်မဟုတ်ဘဲ ဘုရားသခင်၏မျက်မှောက်တော်တွင် ပေါ်လာပါသည်။ သူပူဇော်ခဲ့သော ဆိတ်၏အသွေးကို အသန့်ရှင်းဆုံးဌာနအတွင်းသို့ ဆောင်ယူခဲ့ပြီး ထိုဆိတ်သွေးကို ဂရုဏာပလ္လင်တော်၏ အပေါ်နှင့်ရှေ့မှောက်တို့တွင် ပက်ဖျန်းရလေသည် (ဝတ်ပြုရာ ၁၆း၁၅)။ ထို့ကြောင့် သူသွားသည့်လမ်းကြောင်းကို ပုံကားချပ်ပေါ်တွင် ခြေရာခံကြည့်သော အခါ တဲတော်ဝင်းရှိ ယဇ်ပလ္လင်မှတဆင့် သန့်ရှင်းရာဌာနအား ဖြတ်သန်းပြီး ကုလားကာကိုဘေးသို့ဖယ်ကာ အသန့်ရှင်းဆုံးဌာနတွင်းသို့ ဝင်သွားလေသည်။

## တတိယအကြိမ် ပေါ်ထွက်လာခြင်း

အသန့်ရှင်းဆုံးဌာနတွင် အသွေးဖျန်းပက်ပြီးနောက် လာလမ်းအတိုင်း ပြန်လှည့်ကာ ကုလားကာကိုဖြတ်ကျော်ပြီး သန့်ရှင်းရာဌာနမှတဆင့် ယဇ်ပလ္လင်ရှိရာသို့ ပြန်သွားလေသည်။ ထိုနေရာတွင် အခြားဆိတ်တစ်ကောင်ကိုယူပြီး ထိုဆိတ်၏ ခေါင်းပေါ်တွင် သူ၏လက်နှစ်ဖက်လုံးကိုတင်လျှက် လူတို့၏အပြစ်အားလုံးအတွက် ဝန်ချတောင်းပန်လေသည်။ ထို့နောက် ဆိတ်ကို မည်သည့်အခါမျှပြန်မလာနိုင်ရန် သဲကန္တာရသို့ခေါ်သွားကာ ထားခဲ့လေသည် (ဝတ် ၁၆း၂၀–၂၂)။

မည်သို့ ပြင်ဆင်ရသည်ကိုလည်းကောင်း၊ ဘုရားသခင်၏ မျက်မှောက်တော်ရောက် သောအခါ ဘာလုပ်ရသနည်းဆိုသည်ကိုလည်းကောင်း လေ့လာကြပါစို့။

**အဓိကရည်ရွယ်ချက်** (အတိတ်ကာလမှ)

သင်ခန်းစာ၏ဤအပိုင်းသည် အပြစ်ဖြေရာနေ့တွင် ဖြစ်ပျက်ခဲ့သမျှကို သင်ပေးသောဆရာအနေနှင့် သူ၏ကိုယ်ပိုင်စကားလုံးများဖြင့် ရိုးရိုးလေး ပြန်ပြော ရုံမျှသာဖြစ်သည်။ အခမ်းအနားကျင်းပပုံ အသေးစိတ်ကို ဝတ်ပြုရာကျမ်း အခန်းကြီး ၁၆ တွင် ဖော်ပြထားပါသည်။ ကလေးများအား အဓိက အစိတ်အပိုင်းများကိုသာ ပြောပြရန်လိုအပ်သော်လည်း ဆရာအနေနှင့်မူ အခန်းကြီးတစ်ခန်းလုံးကို ဖတ်သင့် ပါသည်။ ဆရာအနေနှင့် ဟေဗြဲသြဝါဒစာ၊ အထူးသဖြင့် အခန်းကြီး ၉း၁၁ မှ ၁၀း၂၂ ထိ ရင်းနှီးကျွမ်းဝင်ထားရန် လိုအပ်သည်။

အပြစ်ဖြေရာနေ့၌ ယုဒယဇ်ပုရောဟိတ်မင်း ဆောင်ရွက်ခဲ့သောအရာနှင့် သခင်ယေရှု လုပ်ဆောင်ခဲ့ပြီးသော အရာတို့အကြား တူညီချက်များနှင့် ကွဲပြားချက် များကို အသေးစိတ်တွေ့ရပါသည်။

ကလေးများအား ယခု တဲတော်ပုံအကြီးကို ကြည့်ရှုစေပါ။ ထိုအခါ သင်ရော ကလေးများပါ ယဇ်ပုရောဟိတ်မင်းက တဲတော်၏ ခြားနားသောအပိုင်းများ အကြား၌ လှုပ်ရှားနေမှုများကို သဘောပေါက်နားလည်နိုင်ပေမည်။

**ယဇ်ပုရောဟိတ်မင်းအတွက် ယဇ်ပူဇော်ခြင်း။**

၁။ ယဇ်ပုရောဟိတ်မင်းသည် ရှေးဦးစွာ သူ့အပြစ်အတွက် ယဇ်ပူဇော်ခဲ့ပါသည်။ (ဝတ် ၁၆း၆ ၊ ၁၁–၁၄)

ဤနေရာတွင် အလွန်ရေးကြီးသော ခရစ်တော်နှင့်ကွာခြားချက်တစ်ခု တွေ့ရပါသည်။ ခရစ်တော်သည် အပြစ်နှင့်ကင်းစင်သောကြောင့် သူ့ကိုယ်တိုင် အတွက် ယဇ်ပူဇော်ရန် မလိုအပ်ချေ (ဟေဗြဲ ၇း၂၆–၂၈)။

# သင်ခန်းစာ(၅)

*အဓိကကျမ်းပိုဒ်။* ။ မဿဲ ၂၇း၅၀၊၅၁

*"ယေရှုသည် ကြီးသောအသံနှင့် တဖန်ကြွေးကြော်ပြီးလျှင် အသက်တော်ကို လွှတ်တော်မူ၏။ ထိုအခါ ဗိမာန်တော်ကုလားကာ သည် အထက်စွန်းမှ အောက်စွန်းတိုင်အောင် စုတ်ကွဲလေ၏။"*

## *ကုလားကာ*

**နိဒါန်းပျိုးခြင်း။** အပြင်ဘက်မှနေ၍ ဘုရားသခင်၏ မျက်မှောက်တော်သို့ သွားရသောလမ်းကြောင်းကို ပြန်လည်စဉ်းစားကြည့်ပါ။ ကျွန်ုပ်တို့သည် ဂိတ်တံခါး၊ မီးရှို့ရာယဇ်ပလ္လင်၊ ကြေးဝါအင်တုံနှင့် နံ့သာပေါင်းမွှေး မီးရှို့ရာယဇ်ပလ္လင်တို့ကို ဖြတ်ကျော်ခဲ့ပြီ ဖြစ်သည်။ သို့သော် ယခုရှေ့တိုးဖို့ ကျွန်ုပ်တို့ ကြိုးစားကြသောအခါ အပြာရောင်၊ ခရမ်းရောင်၊ ကြက်သွေးရောင်တို့နှင့် တောက်ပလျက်ရှိပြီး ခေရုဗိမ်ရုပ်များ ယက်လုပ် စီချယ်ထားသော ပိတ်ချောနံရံကြီးက ဆီးတားနေပါသည်။ ဤပိတ်ချော နံရံကြီးကို ကုလားကာဟုခေါ်တွင်ပါသည်။ ကလေးများအား ပုံထဲရှိ ကုလားကာကို ညွှန်ပြပြီး ယင်း၏တည်နေရာသည် အထူးသဖြင့် သန့်ရှင်းရာဌာနနှင့် အသန့်ရှင်းဆုံးဌာနတို့အကြားတွင် တည်ရှိကြောင်း ပြောပြပါ။ ကုလားကာအကြောင်း ဖော်ပြချက်နှင့် လုပ်ဆောင်ချက် (ထွက် ၂၆း၃၁–၃၅)။

**အဓိကရည်ရွယ်ချက်။** (အတိတ်ကာလမှ)

ကုလားကာတွင် ရည်ရွယ်ချက်နှစ်မျိုးရှိသည်။

၁။ ပထမရည်ရွယ်ချက်မှာ လူသားများအား ဘုရားသခင်ထံမှ ခွဲခြားထားသည်။ ကုလားကာပေါ်မှ ခေရုဗိမ်က ဧဒင်ဥယျာဉ်တွင် ဖြစ်ပျက်ခဲ့သောအရာကို ကျွန်ုပ်

တို့အား ပြန်လည်သတိရစေပါသည်။ အာဒံနှင့်ဧဝ ပြစ်မှားသောအခါ ဘုရားသခင်က သူတို့အား ဥယျာဉ်ထဲမှနှင်ထုတ်ခဲ့ပြီး အသက်ပင်သို့ သွားရာလမ်းကို စောင့်ရှောက်ရန်အတွက် ခေရုဗိမ်ကို မီးစက်လက်နက်နှင့်တကွ နေရာချထားခဲ့လေသည်။ ထို့ကြောင့် တဲတော်ထဲတွင် ဘုရားသခင်၏မျက်မှောက်တော်သို့ လူကို ချက်ချင်းဝင်ခွင့်မပြုခဲ့ချေ။ အသန့်ရှင်းဆုံးဌာနသို့ သွားသောလမ်း မဖွင့်ပြသေးပေ (ဟေဗြဲ ၉း၆–၈)။

အောက်ပါအကြောင်းအရာအတွက် အကြောင်းရင်းရှင်းပြချက်

(က) အပြစ်ကို ဘုရားသခင်က စက်ဆုပ်ရွံ့ရှာလျက် အမျက်ထွက်ခြင်း။ ဘုရားသခင်၏ဖြောင့်မတ်ခြင်းက အပြစ်ကို ဖယ်ရှားပစ်ရန်နှင့် ပြစ်ဒဏ်ပေးရန် တောင်းဆိုပါသည်။

(ခ) လူသည် မိမိအပြစ်ကြွေးကျန်ရှိနေသ၍ ဘုရားသခင်၏ မျက်မှောက်တော်ကို မဝင်ရောက်နိုင်ချေ။

**ဤအရာကို သရုပ်ဖော်ပါ။** (၁) ကလေးငယ်တစ်ယောက်၏ ရှက်ကြောက်မှု ခံစားခဲ့ရသည့် ကိုယ်ပိုင်အတွေ့အကြုံ။

ကျွန်ုပ်တို့ အလွန်ဆိုးရွားသော အမှားတစ်ခုခု လုပ်မိပြီး ထိုအမှုပေါ်သွား၍ မိဘ (သို့) ဆရာ/မများက ကျွန်ုပ်တို့အပြစ်ကို အခြားလူများရှေ့တွင် ဖော်ထုတ်ဖွင့်ဟပြလိုက်သောအခါ ကျွန်ုပ်တို့ ထွက်ပြေးသွားပြီး ပုန်းနေချင်သည့်အထိ အလွန်ရှက်ကြောက်မိတတ်ကြသည်။ ထို့နည်းတူ ကျွန်ုပ်တို့အပြစ်များ ခွင့်လွှတ်ခြင်း မခံရသေးမီ ဘုရားသခင်၏ မျက်မှောက်တော်တွင် ပေါ်လာကြမည်ဆိုပါက ဘုရားသခင်၏ မျက်မှောက်တော်အလင်းထဲတွင် ကျွန်ုပ်တို့ကို အလွန်ရှက်ကြောက်စေသောကြောင့် ကျွန်ုပ်တို့ ရှင်သန်ရပ်တည်နေနိုင်ကြမည် မဟုတ်ချေ။

## သင်ခန်းစာ(၆)

အပိုင်း(၂)

*အဓိကကျမ်းပိုဒ်။* ။ ယော ၅း၂၄

"ငါအမှန်အကန် ဆိုသည်ကား ငါ့စကားကို နားထောင်၍ ငါ့ကို စေလွှတ်တော်မူသောသူကို ယုံကြည်သောသူသည် ထာဝရ အသက်ကို ရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကို မခံရ။ သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးမြောက်သောသူဖြစ်၏။"

# *ယဇ်ပုရောဟိတ်မင်း*

**နိဒါန်းပျိုးခြင်း။** တစ်နေ့သောအခါ ကျွန်ုပ်တို့အားလုံး ဘုရားသခင်၏ပလ္လင်တော်ရှေ့မှောက်တွင် ရပ်ကြရမည်ဖြစ်သည်။ သူသည် ကျွန်ုပ်တို့အား လက်ခံပြီး သူ၏အိမ်တော်တည်းဟူသော ကောင်းကင်ဘုံသို့ ဝင်စားဖို့ရန် ဖိတ်ခေါ်မည်လား? သို့မဟုတ် ကျွန်ုပ်တို့ ပြစ်မှားကျူးလွန်ခဲ့မှုတို့ကြောင့် ငြင်းပယ်မည်လား? အားလုံး ကတော့ ကျွန်ုပ်တို့ကို လက်ခံလိမ့်မည်ဟု မျှော်လင့်ကြပါသည်။ သို့သော် ကျွန်ုပ်တို့ စိတ်ချသေချာနိုင်ပါသလား။ ဟုတ်ကဲ့ ။ သခင်ယေရှုက ကျွန်ုပ်တို့အပြစ်စီရင်ခြင်း မခံရမည့်အကြောင်း မည်ကဲ့သို့ စိတ်ချမှုရနိုင်ကြောင်း ပြောပြခဲ့ပါသည်။ ဘုရားသခင်၏ ဂရုဏာတော်အားဖြင့် ကျွန်ုပ်တို့အား ဘုရားသခင်က လက်သင့်ခံနိုင်သော နည်းလမ်းကို နားလည်သဘောပေါက်စေချင်ပါသည်။ ထို့ကြောင့် ဘုရားသခင်က တဲတော်ထဲတွင် ဤအရာနှင့် သက်ဆိုင်သည့် လုပသော ပုံဥပမာကို ကျွန်ုပ်တို့အား ပေးခဲ့ပါသည်။ အသန့်ရှင်းဆုံးဌာနသည် ဘုရားသခင်၏ပလ္လင်တော်အခန်းအဖြစ် ပဋိညာဉ်သေတ္တာတော်နှင့် ဂရုဏာပလ္လင်တို့ဖြင့် သူ၏ပလ္လင်တော်ကို ဖွဲ့စည်းထား ပါသည်။ ၎င်းသည် ကောင်းကင်ဘုံရှိ ဘုရားသခင်၏ပလ္လင်တော်ပုံကားချပ်ဖြစ်သည်။ ဘုရားသခင်က ယဇ်ပုရောဟိတ်မင်းအား တစ်နှစ်လျှင်တစ်ကြိမ် အသန့်ရှင်းဆုံး ဌာနသို့ဝင်ကာ သူနှင့်တွေ့ဆုံရန်အတွက် ဖိတ်ခေါ်ခဲ့ပါသည်။ ယဇ်ပုရောဟိတ်အနေနှင့်

ချန်ထားခဲ့ပါသည်။ ထိုသူကသာလျှင် သူ့အပိုင်းကဏ္ဍပြည့်စုံရန်အတွက် ပေးကမ်းမှု အားလုံးလုပ်ရန် ဖြစ်သည်။ သူ့တဦး ဘာမျှလုပ်ရန် ဖြည့်စွက်ရန် အကြောင်းမရှိချေ။ သူ့အနေနှင့် အလိုရှိပါက ငွေသိန်းတစ်ရာကို လက်ဆောင်တစ်ခုအဖြစ် ရိုးရိုးလေး လက်ခံလိုက်ရုံသာဖြစ်ပြီး အလိုမရှိပါက ငြင်းပယ်နိုင်ပါသည်။

ပဋိညာဉ်တရားသစ်သည်လည်း ထို့သို့ပင် ဖြစ်သည်။ ထို့ကြောင့် တခါတရံ ယင်းကို သေတမ်းစာဟူ၍လည်း ခေါ်ဝေါ်ကြပါသည်။ ပဋိညာဉ်တရားသစ်တွင် ခရစ်တော်က အလုံးစုံကို ဆောင်ရွက်သွားပါသည်။ သူကကျွန်ုပ်တို့အတွက် ပညတ်တရားချိုးဖောက်ခြင်း၏ကျိန်ခြင်းကို ခံတော်မူခဲ့သည် (ဂလာတိ ၃း၁၃)။ သူက ကျွန်ုပ်တို့အား ခွင့်လွှတ်ခြင်းပေးခဲ့သည့်အပြင် ကျွန်ုပ်တို့၏ နှလုံးသားပေါ်တွင် သူ၏သန့်ရှင်းသောဝိညာဉ်တော်က ဘုရားသခင်၏ပညတ်တရားများကို ရေးသားခဲ့ကာ တဖြည်းဖြည်းချင်း သန့်ရှင်းလာစေပါသည် (ဟေဗြဲ ၁၀း၁၆–၁၈)။

ဤအချက်က တစ်ကမ္ဘာလုံး အလိုအလျောက် ကယ်တင်ခြင်းရကြမည်ဟု မဆိုလိုပါ။ လူများအနေနှင့် သူတို့စိတ်ကျေနပ်မည်ဆိုလျှင် ခရစ်တော်နှင့် သူ၏ ဆုကျေးဇူးများကို ငြင်းပယ်နိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့၌ သူ၏ပဋိညာဉ်တရားသစ်နှင့်ဆိုင်သော အကျိုးကျေးဇူးများကို ခံစားထိုက်သည့် အရည်အသွေးမျိုးလည်း မရှိချေ။ ထို့ကြောင့်ပင် ဘုရားသခင်၏ ပလ္လင်တော်ကို ကျေးဇူးပလ္လင်တော်ဟုခေါ်ပြီး ကျွန်ုပ်တို့ကို ရဲဝံ့စွာ တိုးဝင်ချဉ်းကပ်ရန် တိုက်တွန်းထားပါသည်။

(၂) သန့်ရှင်းသူတစ်ဦးဖြစ်သည့် ပရောဖက်ဟေရှာယ၏ အတွေ့အကြုံ (ဟေရှာ ၆း)။

သူတို့၏ တိရစ္ဆာန်ယဇ်ပူဇော်ခြင်းများသည် အပြစ်များကို မည်သည့်အခါမျှ မပယ်ရှင်းနိုင်ချေ။ သူတို့၏အပြစ်များကို လုံးဝဥဿုံ ခွင့်လွှတ်ပြီးပြီဖြစ်သည်ဟုလည်း သူတို့၏သြတ္တပ္ပစိတ်တွင် ဘယ်သောအခါမှ ကျေနပ်ရောင့်ရဲနိုင်မည် မဟုတ်ချေ (ဟေဗြဲ ၁၀း၁–၄)။ ထို့ကြောင့် လူသားများက မိမိတို့သည် တဲတော်၌ဖြစ်စေ၊ ကောင်းကင်ဘုံ၌ဖြစ်စေ၊ ဘုရားသခင်၏မျက်မှောက်တော်သို့ တိုးဝင်ရန် သင့်တော်သူများဖြစ်သည်ဟု မည်သည့်အခါမျှ သေချာမှုမရှိကြပေ။

၂။ ကုလားကာ၏ ဒုတိယရည်ရွယ်ချက်မှာ လူသားများအား သန့်ရှင်းရာဌာနထဲသို့ ဝင်ခွင့်ပြုရန်ဖြစ်သည်။ အကယ်၍ ကုလားကာသာမရှိခဲ့လျှင် ယဇ်ပရောဟိတ်များသည် သန့်ရှင်းရာဌာနထဲသို့ ဝင်ရဲကြမည် မဟုတ်ချေ။ ကုလားကာမရှိခဲ့လျှင် သန့်ရှင်းရာဌာနနှင့် အသန့်ရှင်းဆုံးဌာနတို့သည် တစ်ခုတည်း ဖြစ်သဖြင့် သန့်ရှင်းရာဌာနသို့ ဝင်လာသောသူ မှန်သမျှတို့သည် ဘုရားသခင်၏ မျက်မှောက်တော်သို့ တမဟုတ်ချင်း ရောက်သွားပေလိမ့်မည်။ ဘုရားသခင်က အသန့်ရှင်းဆုံးဌာနကို ကုလားကာနှင့် ဖုံးအုပ်ကွယ်ကာထားသောကြောင့် လူသည် သန့်ရှင်းရာဌာနထဲသို့ ဝင်လာကာ ရွှေမီးတိုင်၊ ရှေ့တော်မုန့်စားပွဲနှင့် နံ့သာပေါင်းမွှေးမီးရှို့ရာယဇ်ပလ္လင်တည်းဟူသော နှစ်သက်ဘွယ်ရာ အသုံးဆောင်များကို တွေ့ကြုံခံစားပြီး ဘုရားသခင်အကြောင်းကို အနီးစပ်ဆုံးတွေ့မြင်ရကာ နီးနိုင်သမျှအနီးဆုံးချဉ်းကပ်လာနိုင်ပေသည်။ ထို့ပြင်လူသားသည် အပြာရောင်၊ ခရမ်းရောင်၊ ကြက်သွေးရောင် (အနီ)တို့အပြင် ခေရုဗိမ်ရုပ်များဖြင့် လှပစွာချယ်သထားသော ကုလားကာကို ကြည့်ရှုပြီး ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့်လှပခြင်းတို့ကို စတင်သိနားလည်နိုင်သည်။

## ဓမ္မသစ်မှတူညီသောအချက်

ဟေဗြဲသြဝါဒစာ ၁၀း၂၀ တွင် တဲတော်မှ ကုလားကာသည် သွေးသားဖြစ်ခြင်းအရာတွင် တူညီချက်တစ်ခုတွေ့ရပြီး ၎င်းမှာ ခရစ်တော်၏ လူသားဖြစ်ခြင်းဖြစ်သည်။ ထို့ကြောင့် သင်သည် တဲတော်နှင့်ကုလားကာတို့ကို သခင်ယေရှုဤလောက၌ သက်ရှင်စဉ်ခါ ဖြစ်ပျက်ခဲ့သမျှတို့၏ ပုံဆောင်ချက်အသွင်ဖြင့် အသုံးပြုနိုင်ပေသည်။ ဘုရားသခင်၏ မျက်မှောက်တော်သည် ကုလားကာနှင့်သာ ကာထားသကဲ့သို့ ဘုရားသခင်၏အဖြစ်တော်အပြည့်အစုံသည် ခရစ်တော်၌ ကိုယ်ထင်ရှား၍ ကျိန်းဝပ်တော်မူ၏ (ကော ၂း၉)။ လူသည် ဘုရားသခင်၏ မျက်မှောက်တော်ကိုကာထားသည့် လုပသောကုလားကာအနီး ချဉ်းကပ်နိုင်သကဲ့သို့ ခရစ်တော်ထံပါး ချဉ်းကပ်လာပြီး မျက်နှာတော်ကို ကြည့်ရှုလျက် အသံတော်ကိုကြားပြီး သူ၏လုပ်ဆောင်ချက်ကို မြင်ရသောအခါတွင် ဘုရားသခင်ဘာနှင့်တူသည်ကို မြင်တွေ့နိုင်ပေသည်။

## အလေးထားချက်

သို့သော် ခရစ်တော်၏အသက်တာက ကျွန်ုပ်တို့ကို မကယ်တင်နိုင်ပါ။ လူများစွာတို့က ကျွန်ုပ်တို့သည် ခရစ်တော်၏အသက်တာကို နှစ်သက်မြတ်နိုးပြီး အတုခိုးပြုမူကျင့်ကြံမည်ဆိုလျှင် ကောင်းကင်ဘုံသို့ ဝင်နိုင်သည်ဟု လွဲမှားစွာ ထင်မှတ်တတ်ကြသည်။ ထို့ကြောင့် ကုလားကာကဲ့သို့ပင် ခရစ်တော်၏အသက်တာ အလွန်လုပလျက် အပြစ်ကင်းစင်နေခြင်းက ကျွန်ုပ်တို့မည်မျှလောက်အပြစ်နှင့်ပြည့်ဝကာမသန့်ရှင်းမစင်ကြယ်ကြောင်း ထင်ရှားစေပါသည်။ ထို့ကြောင့် ယင်း(ကုလားကာ)က ကျွန်ုပ်တို့၏ ကောင်းကင်ခရီးလမ်းကို ဆီးကာနေပါသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏စံချိန်ကို မမှီနိုင်ခဲ့လျှင် သူ၏အသက်တာက ကျွန်ုပ်တို့သည် ဘုရား

ချက်သည် တရားဥပဒေနှင့်အညီ ဖြစ်ကာ သီးသန့်လည်းဖြစ်လေသည်။ သို့သော် ၎င်းကို ရိုးစင်းစွာ ပုံဥပမာပေးနိုင်ပါသည်။

*ပဋိညာဉ်တရားဟောင်း – အုပ်စုနှစ်စု (နှစ်ဖက်) ပါဝင်သောပဋိညာဉ်*

ပုံဥပမာ။ ။ လယ်သမားတစ်ဦးနှင့် ဆောက်လုပ်သူတစ်ဦးရှိသည် ဆိုပါစို့။ လယ်သမားက ဆောက်လုပ်သူအား သူ့အတွက် အိမ်တစ်လုံးဆောက်ပေးစေချင်သည်။ ဆောက်လုပ်သူက သိန်း(၂၀၀)ကုန်ကျမည်ဟု ပြောပါသည်။ ဤသို့နှင့် သူတစ်ဦးနှစ်ဦးသည် သဘောတူညီချက်တစ်ရပ် (သို့) ပဋိညာဉ်တစ်ခု ပြုကြပါသည်။ နှစ်ဦးစလုံးက မိမိနှင့်သက်ဆိုင်သောအပိုင်းကို ဖြည့်ဆည်းပေးကြရပေမည်။

၁။ ဆောက်လုပ်သူက အိမ်ဆောက်ပေးရပါမည်။

၂။ လယ်သမားက သိန်း(၂၀၀)ပေးရပါမည်။

အကယ်၍ ဆောက်လုပ်သူက အိမ်ဆောက်မပေးခဲ့လျှင် ငွေရမည် မဟုတ်သလို လယ်သမားက သိန်း(၂၀၀)မပေးပါကလည်း အိမ်ရရှိမည် မဟုတ်ချေ။

ထို့နည်းတူ ပဋိညာဉ်တရားဟောင်းတွင် ဘုရားကလည်း သူ့အပိုင်းသူလုပ်ရန်ဖြစ်ပြီး လူ့အပိုင်းကိုလည်း လူကလုပ်ဆောင်ရန်ဖြစ်သည်။

၁။ လူများအနေနှင့် ပညတ်တရားကို စောင့်ထိန်းရမည်။

၂။ ထို့နောက် ဘုရားကလူများကို ကောင်းကြီးပေးရန် ဖြစ်ပါသည်။

သို့သော် လူများပညတ်တရားကို စောင့်ထိန်းရန် ပျက်ကွက်ကြသောအခါ ပဋိညာဉ်လည်း ကျိုးပျက်သွားပါသည်။ ထို့ကြောင့် ဘုရားသခင်က သူတို့ကို စွန့်ပယ်ခဲ့လေသည်။ (ဟေဗြဲ ၈း၉)

*ပဋိညာဉ်တရားသစ် – တဖက်သတ်ပဋိညာဉ်*

ပုံဥပမာ ။ ။ လူတစ်ဦးက သူ့တူအတွက် သေတမ်းစာရေးကာ ငွေသိန်းတစ်ရာ

လာရန်အတွက် သာမိုမီတာကို မျိုချခြင်းနှင့်တူပေသည်။ အမှန်တကယ် မှာတော့ ပို၍သာဆိုးသွားပါသည်။ ယင်းလုပ်ရပ်က ခရစ်တော် အသေခံခြင်း မလိုအပ်သကဲ့သို့ ဖြစ်စေပါသည်။ *"ပညတ်တရားကို အမှီပြု၍ ဖြောင့်မတ် ရာသို့ ရောက်နိုင်လျှင် ခရစ်တော်သည် အချည်းနှီး အသေခံတော်မူပြီ"* (ဂလာတိ ၂း၂၁)။

**အဓိကရည်ရွယ်ချက်များ။** (မျက်မှောက်ကာလအတွက်)

ပဋိညာဉ်တရားဟောင်းနှင့် ပဋိညာဉ်တရားသစ်တို့အကြားတွင် *ကြီးမားသော ကွဲပြားခြားနားချက်* ရှိပါသည်။ (ခရစ်ယာန်ဘာသာတရားကို ကောင်းမွန်စွာ နားလည်ရန်အတွက် ခြားနားချက်က အလွန်အမင်း အရေးကြီးပါသည်။ သွန်သင် သောဆရာ့ အနေနှင့် ဤအချက်ကို ရှင်းပြထားသည့် ဓမ္မသစ်ကျမ်းမှ အဓိက ကျမ်းပိုဒ်များကို သေချာစွာ လေ့လာထားသင့်သည်။

ဥပမာ ။ ။ ဟေဗြဲ ၆း၁၃ ။ ၁၀း၁၄–၁၈ ။ ၂ကော ၃း ။ ဂလာတိ ၃း၁၀–၂၉

၁။ *ပဋိညာဉ်တရားသစ် ပြဋ္ဌာန်းခြင်း*

မ ၂၆း၂၇၊ ၂၈ ။ ၁ကော ၁၁း၂၃–၂၆။

၂။ *ပဋိညာဉ်တရားသစ်၏ အကျိုးကျေးဇူးများ*

ဟေဗြဲ ၁၀း၁၄–၁၈ ။ ၂ကော ၃း ။

ကျွန်ုပ်တို့အား အပြစ်တင်သော ပဋိညာဉ်တရားဟောင်းနှင့် ကွဲပြား ခြားနားသောအချက်မှာ ပဋိညာဉ်တရားသစ်က ကျွန်ုပ်တို့အား ခွင့်လွှတ်ခြင်း၊ အသက် နှင့် သန့်ရှင်းခြင်းတို့ကို ဆောင်ကျဉ်းပေးပါသည်။

၃။ *ပဋိညာဉ်တရားသစ်၏ဝေါဟာရများ*

ဤရှုဒေါင့်၌ ပဋိညာဉ်တရားဟောင်းနှင့် အသစ်တို့အကြားတွင် ကွာခြား

သခင်၏ မျက်မှောက်တော်၌နေရန် မသင့်လျော်ကြောင်း အပြစ်ဖော်ပြပေလိမ့်မည်။

ဤနည်းအားဖြင့် ခရစ်တော်အသေခံရန်လိုအပ်ကြောင်း နောက်သင်ခန်းစာတစ်ဆင့်သို့ ဦးတည်သွားကြမည်။

**အဓိကရည်ရွယ်ချက်** (မျက်မှောက်ခေတ်အတွက်)

အဓိကခြားနားချက်မှာ ခရစ်ယာန်များအတွက် ကုလားကာသည် လုံးဝဥသုံ ဖယ်ရှားခံရပြီး ဘုရားသခင်၏ မျက်မှောက်တော်သို့ သွားရာလမ်း ဖွင့်လှစ်ခဲ့ပြီဖြစ်သည်။ (ဟေဗြဲ ၉း၆–၈ နှင့် ၁၀း၁၉–၂၂ မှ ခြားနားချက်ကို ကြည့်ပါ။)

ထို့ကြောင့် ခရစ်တော်သည် အပြစ်အတွက် ဆင်းရဲဒုက္ခခံခြင်းအမှု ပြီးသွားသောအခါ မည်သို့ဖြစ်ခဲ့သနည်းဆိုသည့်အချက်မှအစပြုပါ။ ခရစ်တော် သက်ရှိထင်ရှားရှိစဉ်ကာလတွင် တဲတော်မဟုတ်တော့ဘဲ ယေရုရှလင်မြို့၌ ဟေရုဒ်မင်း၏ ဗိမာန်တော်ဟုခေါ်သည့် ခန်းနားထည်ဝါ၍ ဘုန်းတော်နှင့်ပြည့်ဝသော ဗိမာန်တော်တစ်ခု တည်ရှိခဲ့ကြောင်း ရှင်းပြပါ။ သို့သော် တဲတော်မှာကဲ့သို့ပင် ကုလားကာ ရှိပါသည်။ ဤကုလားကာကို ဘုရားသခင်က စုတ်ဖြဲခဲ့ခြင်းဖြစ်သည်။ *"ယေရှုသည် ကြီးသောအသံနှင့် တဖန်ကြွေးကြော်ပြီးလျှင် အသက်တော်ကို လွှတ်တော်မူ၏။ ထိုအခါ ဗိမာန်တော်၏ကုလားကာသည် အထက်စွန်းမှ အောက်စွန်းတိုင်အောင် စုတ်ကွဲလေ၏။ မြေကြီးလှုပ်လေ၏။ ကျောက်များတို့သည် ကွဲပြားကြ၏"* (မ ၂၇း၅၀၊ ၅၁)။

ကုလားကာ စုတ်ကွဲခြင်းသည် အလွန်အမင်းအရေးပါသော လုပ်ဆောင်ချက်ဖြစ်သည်။

## ရှင်းလင်းချက်

၁။ *အဘယ့်ကြောင့် ခရစ်တော်သေဆုံးချိန်၌ ထိုသို့ဖြစ်ပျက်ခဲ့သနည်း။*

ခရစ်တော် ဟောပြောနေချိန်၊ နမိတ်လက္ခဏာပြနေချိန်တွင် မဟုတ်ဘဲ သေဆုံးချိန်၌သာ ထိုသို့ဖြစ်ပျက်ခဲ့ပါသည်။ ယင်းသို့ ဖြစ်ရခြင်းမှာ သူကကျွန်ုပ်တို့ အပြစ်အတွက် အသေခံပေးခြင်းကြောင့် ဖြစ်သည် (၁ ကော ၁၅း၃)။ ထို့ပြင် ဘုရားသခင်က အပြစ်အပေါ်ထားရှိသော အမျက်တော်အတွက် ဆင်းရဲဒုက္ခခံခြင်းအမှုကို ခရစ်တော်က အကုန်အစင် လုပ်ဆောင်ပြီးစီးခဲ့၍ သူ၏ ယဇ်ပူဇော်ခြင်းအမှုကို ဘုရားသခင် အားရကျေနပ်ခဲ့ပါသည်။ ခရစ်တော်ကို ယုံကြည်ကိုးစားသူများအတွက် ဘုရားသခင်၏ မျက်မှောက်တော်သို့ တိုးဝင်ချဉ်းကပ်ရာလမ်းသည် လုံးဝဥဿုံ ဖွင့်လှစ်လိုက်ပြီ ဖြစ်ကြောင်းကို ဘုရားသခင်က ကုလားကာကို စုတ်ဖြဲခြင်းဖြင့် ပြသခဲ့ပါသည်။ ဟေဗြဲ ၁၀း၁၁–၂၂ မှ ထုတ်နုတ်ချက် အရေးအသားကို လေ့လာပါ။ ခရစ်တော်၏ စုံလင်သောယဇ်ပူဇော်ခြင်းနှင့် ကျွန်ုပ်တို့ အသန့်ရှင်းဆုံးဌာနသို့ ရဲဝံ့စွာ တိုးဝင်ချဉ်းကပ်ခွင့်ရှိခြင်းတို့၏ဆက်နွယ်မှုကို သတိပြုမှတ်သားပါ။

၂။ အသန့်ရှင်းဆုံးဌာနသို့ တိုးဝင်ချဉ်းကပ်ခြင်းသည် ကျွန်ုပ်တို့အတွက် မည်သည့်အနက်အဓိပ္ပာယ်ရှိသနည်း။

မြေကြီးပေါ်ရှိတဲတော်အကြောင်းနှင့် ဟေရုဒ်မင်း၏ဗိမာန်တော်မှ ကုလားကာ စုတ်ကွဲခြင်းအကြောင်းကို သင်ပြောဆိုနေသောကြောင့် ကလေး တစ်ယောက်အနေနှင့် ကျွန်ုပ်တို့အတွက် အသန့်ရှင်းဆုံးဌာနအတွင်းသို့ ဝင်ခြင်းသည် ဘုရားရှိခိုးကျောင်းတက်ခြင်းဟု တွေးထင်မိပေမည်။ ထို့ကြောင့် "*ခရစ်တော်သည် လူတို့လက်ဖြင့်လုပ်သော သန့်ရှင်းရာ*

ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ပညတ်တော်များစွာထဲက တစ်ခုတည်းကို တစ်ကြိမ်တည်းသာ ကျူးလွန်ဖောက်ဖျက်ပါကလည်း စုံလင်ခြင်းမရှိတော့ပေ။ ကျွန်ုပ်တို့ အပြစ်ပြုမိခဲ့ပြီဖြစ်သည်။

၂။ ရော ၃း၂၀ – "*ထိုသို့ ပညတ်တရားတော်သည် ဒုစရိုက်အပြစ်ကို ထင်ရှားစေသည်ဖြစ်သောကြောင့် ပညတ်တရား၏ အကျင့်အားဖြင့် ဘုရားသခင့်ရှေ့တော်၌ အဘယ်သူမျှ ဖြောင့်မတ်ရာသို့ မရောက်ရာ။*"

ဤအချက်သည်လည်း နားလည်ရန် ခက်ခဲတတ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ပညတ်တရားကိုပေးသည်ဖြစ်၍ ကျွန်ုပ်တို့ကို ဘုရားသခင်လက်ခံလာစေရန် ၎င်းကို အစီအစဉ်တကျ လိုက်နာကျင့်သုံးရမည်ဟု လူတို့ထင်မှတ်တတ်ကြသည်။ ထို့ကြောင့် အထက်ပါကျမ်းပိုဒ်တွင် ဖော်ပြထားသည့် ပညတ်တရားလုပ်ဆောင်ပုံ၏ ရည်ရွယ်ချက်ကို သာမိုမီတာ တစ်ခုနှင့် နှိုင်းယှဉ်ကာ ပုံဥပမာ ပေးနိုင်ပါသည်။ ကျွန်ုပ်တို့ ဖျားနာသောအခါ ဆရာဝန်က ကျွန်ုပ်တို့၏ ကိုယ်အပူချိန်ကို ဖော်ထုတ်ကာ ကျွန်ုပ်တို့မည်မျှ အဖျားတက်နေမှန်း သိနိုင်ရန် သာမိုမီတာ(အပူချိန်တိုင်းကရိယာ)ကို အသုံးပြုလေ့ရှိပါသည်။ သို့သော် မည်သူကမျှ နေပြန်ကောင်းပြီး သက်သာလာရန် သာမိုမီတာကို မျိုမချကြပါ။

ထို့နည်းတူ ဘုရားသခင်၏ ပညတ်တရားက ကျွန်ုပ်တို့၏ အပြစ်များကို ဖော်ထုတ်ကာ ကျွန်ုပ်တို့မည်မျှ အပြစ်များကြောင်း ဖော်ပြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် နောင်တရကာ ခရစ်တော်ကို ကယ်တင်ရှင်အဖြစ် လက်ခံသင့်လှပေသည်။ ဘုရားသခင်၏ ပညတ်တရားကို လိုက်နာစောင့်ရှောက်ခြင်းအားဖြင့် ကယ်တင်ခြင်းရရန် ကြိုးစားအားထုတ်ခြင်းသည် နေကောင်း

မဟုတ်ချေ။ သူသည် ဘုရားသခင်၏ ပညတ်တရားများကို အကောင်းဆုံး လိုက်လျော နိုင်ခဲ့မည်ဆိုပါက အဆုံး၌ ကောင်းကင်ဘုံသို့ ဝင်ရလိမ့်မည်ဟု အမြဲတမ်း မျှော်လင့်နေပါလိမ့်မည်။ ထို့ကြောင့် . . . ပညတ်တရားနှင့် ပတ်သက်သည့် ဓမ္မသစ်ကျမ်း၏ ဖော်ပြချက်ကို အသုံးပြုပါ။

၁။ ယာကုပ် ၂း၁၀ – "*အဘယ်သို့နည်းဟူမူကား ပညတ်တရားအလုံးစုံကို စောင့်ရှောက်သည်တွင် တစ်စုံတစ်ခု၌ မှားမိလျှင် ပညတ်တရားအလုံးစုံကို လွန်ကျူးသောအပြစ်ရှိ၏*"။

အစပိုင်းတွင် ကလေးတစ်ယောက်အတွက် ဤအချက်သည် မျှတမှုမရှိဟု ထင်ရပေမည်။ ထို့ကြောင့် ပုံဥပမာ တစ်ခု၊ နှစ်ခုခန့် အသုံးပြုပါ။

(က) ကရိန်းတစ်ခုသည် ကြီးမားသော ကွင်းစက်သံကြိုးများကို အသုံးပြုပြီး လေးလံသော ဝန်ထုတ်ကို မနေသည်ဆိုပါစို့။ သံကြိုး၏ အဆစ်တိုင်း ကျိုးပြတ်သွားမည်ဆိုလျှင် ဝန်ထုတ်ပြုတ်ကြသွားပေမည်။ သို့သော် သံကြိုး ကွင်းဆက် တဆစ်တည်းသာ ကျိုးပြတ်သွားခဲ့လျှင်လည်း ဝန်ထုတ် ပြုတ်ကျသွားမည်သာ ဖြစ်သည်။

(ခ) လူတစ်ယောက်ကို ခြင်္သေ့တစ်ကောင်က လိုက်နေပါသည်။ သူသည် ပေ ၁၀၀ နက်ပြီး ၁၅ ပေကျယ်သည် ချောက်ကမ်းပါးသို့ ရောက်သွားလေသည်။ ချောက်ကိုဖြတ်ကျော်ပြီး ခုန်ကူးဖို့ သူကြိုးစားပါသည်။ သူသည် ချောက်တဖက်ကမ်းမှ တစ်ပေအကွာအထိ ခုန်နိုင်သည်ဆိုပါစို့။ ဘာဖြစ်သွားမည်နည်း။ တစ်ပေသည် ကျန်သော ၁၄ ပေနှင့် နှိုင်းယှဉ်ကြည့်ပါက မပြောပလောက်ပေ။ သို့သော် တစ်ပေမျှသာ လွဲချော်သွားခြင်းသည် ငါးပေ (သို့) ဆယ်ပေ လွဲချော်ခြင်းတို့နှင့် ထပ်တူထပ်မျှ ဆုံးရှုံးမည်သာ ဖြစ်ပေသည်။

*ဌာနထဲသို့မဝင် . . . ကောင်းကင် ကိုယ်ထဲသို့ ဝင်တော်မူပြီ"* (ဟေဗြဲ ၉း၂၄) ဆိုသည်ကိုထောက်ပြပါ။ ထို့နည်းတူ ကျွန်ုပ်တို့အတွက် ကုလားကာကိုဖြတ်ပြီး အသန့်ရှင်းဆုံးဌာနထဲသို့ ရဲဝံ့စွာဝင်ရောက်ခြင်း၏အဓိပ္ပာယ်မှာ ကျွန်ုပ်တို့သည် ကောင်းကင်ဘုံရှိ ဘုရားသခင်၏ မျက်မှောက်တော်သို့ စိတ်၊ အတွေး၊ ဝိညာဉ်တို့ဖြင့် ဝင်ရောက်နိုင်ကြောင်းနှင့် ကျွန်ုပ်တို့၏အပြစ်များ ခွင့်လွှတ်ခြင်းခံရပြီး ဘုရားသခင်က ကျွန်ုပ်တို့ကိုလက်ခံသည်ဆိုသည့် အကြောင်းကို လုံးဝသေချာသည်ဟူ၍ဖြစ်သည်။

ခရစ်တော်၏ စုံလင်သော ယဇ်ပူဇော်မှုကြောင့် ခရစ်တော်ကို ယုံကြည်ကိုးစားသောသူများသည်လည်း ယခုပင်လျှင် ဝိညာဉ်အားဖြင့် ဘုရားသခင်၏ မျက်မှောက်တော်သို့ လွတ်လပ်စွာနှင့် ရဲဝံ့စွာ တိုးဝင်ချဉ်းကပ်နိုင်သည်။ သူတို့သေဆုံးသောအခါ ကောင်းကင်ဘုံသွားရန် မသေမချာ၊ ဇဝေဇဝါ ဖြစ်နေစရာ အကြောင်းမရှိတော့ချေ။ *"ထို့ကြောင့် ညီအစ်ကိုတို့ ယေရှု၏ ကိုယ်ခန္ဓာတော်တည်းဟူသော ကုလားကာအားဖြင့် ထိုသခင်ပြင်ဆင်တော်မူသော အသက်လမ်းသစ်တွင် ငါတို့သည် သန့်ရှင်းရာဌာနထဲသို့ အသွေးတော်ကိုအမှီပြု၍ . . . အထံတော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့"* (ဟေဗြဲ ၁၀း၁၉၊၂၂) ဟု သန့်ရှင်းသောနှုတ်ကပတ်တော်ပါ စကားများနှင့်အညီ ဘုရားသခင်ကြိုဆိုတော်မူမည်ဖြစ်ကြောင်း ယုံကြည်စိတ်ချမှုဖြင့် အိမ်တော်သို့ ဝင်ရန်သာဖြစ်သည်။

## သင်ခန်းစာ(၆)

## အပိုင်း(၁)

*အဓိကကျမ်းပိုဒ်။* ။ ဟေဗြဲ ၄း၁၆

"ရဲရင့်သော စိတ်နှင့် ကျေးဇူးပလ္လင်တော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့"

# *ပဋိညာဉ်သေတ္တာနှင့် ဂရုဏာပလ္လင်*

**နိဒါန်းပျိုးခြင်း။** လောကီရှင်ဘုရင်တိုင်းတွင် ပလ္လင်ရှိသည်။ အစိုးရတိုင်းတွင် ဥပဒေများ ရှိကြသည်။ ဥပဒေများဖြစ်သည့် ပညတ်ချက်များ လိုအပ်သည့် အကြောင်းနှင့် လူများက ပညတ်ချက်များ ချိုးဖောက်သည့်အခါ ဘာဖြစ်မည်နည်း ဆိုသည့်အကြောင်း ပြောပြပါသည်။

တဲတော်တွင်းမှ အသန့်ရှင်းဆုံးဌာနတော်သည် ဘုရားသခင်၏ပလ္လင်တော် တည်ရာအခန်းဖြစ်ပြီး ထိုအရပ်၌ တည်ရှိနေသော အသုံးအဆောင်သည် ဘုရားသခင်၏ပလ္လင်တော်ပင်တည်း။ ယင်းနှင့် ပတ်သက်၍ အပိုင်းနှစ်ပိုင်းရှိရာ –

(၁) ပဋိညာဉ်သေတ္တာ – ဖော်ပြချက် – ထွက် ၂၅း၁၀–၁၆
တည်နေရာ – ထွက် ၂၆း၃၃၊၃၄

ပဋိညာဉ်သေတ္တာသည် အတွင်းနှင့်အပြင် နှစ်ဖက်လုံး ရွှေနှင့်ဖုံးအုပ်ထားသည့် သေတ္တာရှည်တစ်လုံး ဖြစ်သည်။ အထဲတွင် ပညတ်တော်ဆယ်ပါး ရေးသားထားသည့် ကျောက်ပြားနှစ်ပြား ထည့်ထားပါသည်။ ယင်းကို ပဋိညာဉ်ဟောင်းဟုခေါ်ပြီး ဘုရားသခင်၏ပညတ်တော်များ ဖြစ်ကြသည်။

(၂) ဂရုဏာပလ္လင် – ဖော်ပြချက် (ထွက် ၂၅း၁၇–၂၂)

ဂရုဏာပလ္လင်သည် အစွန်းတဖက်စီတွင် ရွှေခေရုဗိမ်ရုပ်များပါသော ရွှေပြားတစ်ချပ် ဖြစ်သည်။ ဤနေရာမှနေ၍ ဘုရားသခင်သည် ဣသရေလ လူများကို

အမိန့်ပေးကာ လမ်းညွှန်ခဲ့ပါသည်။ ဤနေရာတွင်လည်း ယဇ်ပုရောဟိတ်မင်းသည် တစ်နှစ်လျှင် တစ်ကြိမ် အပြစ်ဖြေရာနေ့ကြီး၌ ဘုရားသခင်ကို လာရောက်တွေ့ဆုံရလေသည်။

အကယ်၍ ကျွန်ုပ်တို့သည် သမ္မတတစ်ဦး (သို့) ဘုရင်တစ်ပါးထံ သွားရောက်တွေ့ဆုံမည်ဆိုလျှင် ကျွန်ုပ်တို့အနေနှင့် သူ့ထံ မည်ကဲ့သို့တိုးဝင်ချဉ်းကပ်ရမည်ဆိုသည်ကို သိထားရန် လိုအပ်ပေသည်။ ဤသင်ခန်းစာတွင် ကျွန်ုပ်တို့ ဘုရားသခင်ထံ မည်ကဲ့သို့ တိုးဝင်ချဉ်းကပ်ရမည်ဆိုသည်ကို သင်ကြားခံယူကြပေမည်။

**အဓိကရည်ရွယ်ချက်များ။** (အတိတ်မှ)

ဘုရားသခင်သည် မည်မျှသန့်ရှင်းကြောင်း ပဋိညာဉ်တရားဟောင်းမှ ကျွန်ုပ်တို့သင်ယူသိရှိခဲ့ပြီ ဖြစ်သည်။ ဤအကြောင်းအရာများကို ပဋိညာဉ်ပါ ပညတ်တော်များဖြစ်သည့် ပညတ်တော်ဆယ်ပါးမှ လေ့လာခံယူခဲ့ပြီး ဖြစ်သည်။

ဤသင်ခန်းစာသည် သူတစ်ပါးနားလည်အောင်ဝေငှရန်ခက်ခဲသည့်သင်ခန်းစာဖြစ်သည်။ လူများစွာတို့က ဘုရားသခင်၏ပညတ်တော်သည် စာမေးပွဲနှင့်တူသည်ဟု ထင်မြင်ကြသည်။ အကယ်၍ သူတို့အနေနှင့် ပညတ်တော်၏ ၇၀% ခန့်ကို စောင့်ရှောက်နိုင်မည်ဆိုလျှင် သူတို့အနေနှင့် ကောင်းစွာလုပ်ကိုင်နိုင်ခဲ့ပြီဟု တွေးထင်တတ်ကြပြီး ဆရာတစ်ဦးက စာမေးပွဲတွင် အမှတ် ၇၀% ရရှိသော ကလေးငယ်တစ်ဦးအပေါ် ကျေနပ်အားရသကဲ့သို့ သူတို့အပေါ်တွင်လည်း ဘုရားသခင်က အားရကျေနပ်အားရ လိမ့်မည်ဟု ထင်မှတ်ကြခြင်းသည် မှားယွင်းသည်သာမက အန္တရာယ်လည်း ရှိပေသည်။ အကယ်၍ ကလေးငယ်တစ်ဦးက ဘုရားသခင်၏ ပညတ်တော်သည် မည်မျှသန့်ရှင်းကြောင်း နားလည်ခံယူခြင်း မရှိခဲ့လျှင် သူသည် ကယ်တင်ခြင်းရရန်လိုအပ်ကြောင်း မည်သည့်အခါမှ သိနားလည်တော့မည်